# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၁၇၉)၊ ၁၃၈၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀ ရက်၊ ၁-၆-၂၀၂၄၊ စနေနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

သာယာသောစကားကို ပြောဆိုတတ်သော်လည်း ရုပ်အဆင်းပင်လှသော်လည်း သူတစ်ပါး စည်းစိမ်ကို ငြူစူတတ်၊ ဝန်တိုတတ်၊ ကောက်ကျစ်စဉ်းလဲတတ်လျှင် ထိုသူသည် သူတော်ကောင်းမဟုတ်။ (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများပေးအပ်ချီးမြှင့်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် အမျိုးသမီးလေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ မွန်ပြည်နယ်အသင်းနှင့် ရခိုင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် မေ ၃၁**

၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားရုံ(A) ၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်ဒွဲဘူ၊ ပိုးရယ်အောင်သိန်း၊ မန်းငြိမ်းမောင်၊ ဒေါက်တာမှုထန်၊ ဒေါက်တာဘရှေ၊ ခွန်စံလွင်၊ ဦးရွှေကြိမ်း၊ ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ နည်းပြများ၊ အားကစားသမားများ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် ဝါသနာရှင်ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

**ကြည့်ရှုအားပေး**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် အမျိုးသမီးလေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ မွန်ပြည်နယ်အသင်းနှင့် ရခိုင်ပြည်နယ်အသင်းတို့၏ ယှဉ်ပြိုင်နေမှုကို လည်းကောင်း၊ အမျိုးသားလေးယောက်တွဲအဖွဲ့လိုက်ပြိုင်ပွဲ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့၏ ယှဉ်ပြိုင်နေမှုများကို လည်းကောင်း ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရန်ကျော်က အမျိုးသမီး နှစ်ယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးအသင်း၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် တတိယဆုရရှိသည့် ရခိုင်ပြည်နယ်အသင်းတို့ကို လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်းက အမျိုးသား နှစ်ယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်း၊ ဒုတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် တတိယဆုရရှိသည့် ရှမ်းပြည်နယ်အသင်းတို့ကို လည်းကောင်း ဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

**ပေးအပ်ချီးမြှင့်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင်က အမျိုးသမီး သုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မွန်ပြည်နယ်အသင်း၊ ဒုတိယဆုရရှိသည့် ရခိုင်ပြည်နယ်အသင်းနှင့် တတိယဆုရရှိသည့် ကချင်ပြည်နယ်အသင်းတို့ကို လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရှေက အမျိုးသား သုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်း၊ ဒုတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီးအသင်းနှင့် တတိယဆုရရှိသည့် ရှမ်းပြည်နယ်အသင်းတို့ကို လည်းကောင်း ဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန်က အမျိုးသမီး လေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရခိုင်ပြည်နယ်အသင်း၊ ဒုတိယဆုရရှိသည့် မွန်ပြည်နယ်အသင်းနှင့် တတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့ကို လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်က အမျိုးသား လေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်း၊ ဒုတိယဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းနှင့် တတိယဆုရရှိသည့် ကချင်ပြည်နယ်အသင်းတို့ကို လည်းကောင်း ဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်းက အမျိုးသား တံခွန်စိုက်ဆုဖလားရရှိသည့်

စာမျက်နှာ ၃ သို့

## နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်

(၂၀၂၄ ခုနှစ်၊ မေလ ၃၁ ရက်နေ့ ည(၇:၀၀)နာရီအချိန် ထုတ်ပြန်ချက်)

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။ **ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။ **မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဧလ

၂၀၂၄ ခုနှစ်၊ ဇွန် ၁ ရက်၊ စနေနေ့။

မန္တလေး နေ့စဉ်

# ပြင်ဦးလွင်မြို့ သာယာလှပရေး၊ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်သွားရမည်

ပြင်ဦးလွင်မြို့သည် ခေတ်ကာလများစွာကတည်းက တည်ရှိခဲ့သည့်မြို့ဖြစ်ပြီး သမိုင်းဝင်အဆောက်အအုံများစွာလည်း ရှိသည်။ ပြင်ဦးလွင်မြို့ကို တောင်ပေါ်အပန်းဖြေမြို့တော်၊ ပန်းမြို့တော်၊ တောင်လေ့ကားမြို့တော် စသည်ဖြင့် တင်စားခေါ်ဝေါ်ကြသဖြင့် အဆိုပါအင်္ဂါရပ်များနှင့် ကိုက်ညီရန်လိုကြောင်း၊ ပြင်ဦးလွင်မြို့သို့ ပြည်တွင်း၊ ပြည်ပ ခရီးသွားများ စဉ်ဆက်မပြတ်လာရောက်လည်ပတ်လျက်ရှိပြီး ကိုဗစ်-၁၉ ရောဂါ ဖြစ်ပေါ်ခဲ့ချိန်တွင် လာရောက်မှုနည်းပါးခဲ့သော်လည်း ယခုနောက်ပိုင်းတွင် ပြည်တွင်းခရီးသွားများ ပြန်လည်များပြားလာကြောင်း၊ အပန်းဖြေလာရောက်သူများအနေဖြင့် စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာဖြင့် သာယာလှပသည့် မြို့၏ အလှအပကို ခံစားလည်ပတ်နိုင်ရန်လိုကြောင်း၊ ယခင်က ပြင်ဦးလွင်မြို့သည် အေးမြသည့်မြို့တစ်ခုဖြစ်ခဲ့သော်လည်း ယခုအခါ သဘာဝပတ်ဝန်းကျင်ပြောင်းလဲမှုများကြောင့် ရာသီဥတုပြောင်းလဲလာပြီး အပူချိန်မြင့်တက်လာသည်ကို တွေ့ရကြောင်း။ သဘာဝပတ်ဝန်းကျင်ပြောင်းလဲလာခြင်းမှာ လူများ၏ လုပ်ဆောင်မှုများကြောင့်လည်း ပါဝင်ပြီး လူများကြောင့် ဖြစ်လာသည့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီး ဆုံးရှုံးရမှုများကို လူများကပင် ပြန်လည်ပြုပြင်ရမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က မေ ၃၀ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင်နှင့် မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများအား ပြင်ဦးလွင်မြို့ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်ရှိ အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ ပြင်ဦးလွင်မြို့ သာယာလှပရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကော်ဖီတိုးချဲ့စိုက်ပျိုးနိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးမှာကြားရာ၌ ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ်က ဆက်လက်ပြောကြားရာတွင် ယခင်က အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်းရှိ ရေကန်များ၌ သစ်ပင်သစ်တောများ ပြန့်တီးခြင်းကြောင့် ရေအရင်းအမြစ်များ အားနည်းလာခြင်း၊ သဘာဝရေထွက်များမှ ရေထွက်ရှိမှုမရှိခြင်း၊ ဒေသတွင်း အပူချိန်နှုန်းထားမြင့်မားလာခြင်း၊ ရေဝင်ပေါက်များမှ ရေဝင်ရောက်မှုအားနည်းခြင်းနှင့် အခြားအကြောင်းအမျိုးမျိုးကြောင့် ဥယျာဉ်အတွင်းရှိ ရေကန်များတွင် ရေခန်းခြောက်မှုများ ကြုံတွေ့ခဲ့ရကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ရေဝင်ပေါက်များ၊ စိမ့်စမ်းနေရာများ၊ မြေအောက်ရေနုတ်မြောင်းများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည့် မွမ်းမံပြင်ဆင်မှုများ၊ ရေလမ်းကြောင်း ထိန်းသိမ်းမှုများ ဆောင်ရွက်ခဲ့မှုကြောင့် ရေဝင်ပေါက်များမှ ရေများပြန်လည်စီးဝင်လာခဲ့ပြီး ယခုအခါ ကန်တော်ကြီးအတွင်း ရေများလုံလောက်စွာ ဝင်ရောက်လာပြီဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ခြင်းမှာ လူများကပင် ပြုလုပ်ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ပြင်ဦးလွင်ဒေသပြန်လည်စိမ်းလန်းသာယာရေးအတွက် မိမိတို့အနေဖြင့် လိုအပ်သည့် ပြုပြင်ထိန်းသိမ်းခြင်းများကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ပြုန်းတီးသွားသည့် သစ်ပင် သစ်တောများကိုလည်း ပြန်လည်စိုက်ပျိုးသွားရန်လိုပြီး ဒေသနှင့်ကိုက်ညီသည့် သစ်ပင်သစ်တောများ ပြန်လည်စိုက်ပျိုး ထိန်းသိမ်းသွားမှသာလျှင် ရာသီဥတုများ ကောင်းမွန်လာမည်ဖြစ်ပြီး သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်လာမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ပြင်ဦးလွင်မြို့ သာယာလှပရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သွားရမည်ဖြစ်ရာ လူနေရပ်ကွက်များတွင်လည်း ရှိသင့်ရှိထိုက်သည့် သစ်ပင်များ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စိုက်ပျိုးနိုင်ရေး တိုက်တွန်းနှိုးဆော်ဆောင်ရွက်သွားရန် လိုအပ်သည်။ ထိုသို့ သစ်ပင်များ စိုက်ပျိုးခြင်းဖြင့် သဘာဝကို ထိန်းသိမ်းနိုင်သဖြင့် ပြင်ဦးလွင်ဒေသတွင် သစ်ပင်စိုက်ပျိုးခြင်းကို အားပေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။



## တောင်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေး မိုးရာသီစိုက်ပျိုးစရိတ်များ ထုတ်ချေးပေး

**ကျောက်ဆည် မေ ၃၁**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်တွင် တောင်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ကျောက်ဆည်ခရိုင်ဘဏ်ခွဲမှ ၂၀၂၄ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်များ ထုတ်ချေးပေးလျက်ရှိရာ ယမန်နေ့ မွန်းလွဲ ၃ နာရီအထိ ငွေကျပ် ၁၂၀ ဒသမ ၃၀ သန်း ထုတ်ချေးပေးပြီးဖြစ်သည်။

ထိုသို့ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးရာတွင် ကျေးရွာအုပ်စု ၅ အုပ်စု စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိသော တောင်သူများအား စပါး ၁ ဧက အတွက် ငွေကျပ် ၁၅၀၀၀၀ နှုန်းဖြင့် ၅၄၆ ဧက၊ နှမ်းသီးနှံနှင့် ပဲတီစိမ်းသီးနှံ တစ်ဧကအတွက် ငွေကျပ် ၁၀၀၀၀၀ နှုန်းဖြင့် ၇၃ ဧက၊ ချည်မျှင်ရှည်ဝါ ၁ ဧကအတွက် ငွေကျပ် ၁၀၀၀၀၀ နှုန်းဖြင့် ၃၁၁ ဧက စုစုပေါင်း ၉၃၀ ဧက ထုတ်ချေးပေးပြီးဖြစ်ကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ကျောက်ဆည်ခရိုင်ဘဏ်ခွဲမှ သိရသည်။

(အပေါ်ပုံ)

(၄၈၅)

## ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေး အမှိုက်နှင့် မြောင်းစာများ ဆယ်ယူရှင်းလင်း

**မန္တလေး မေ ၃၁**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ နယ်နိမိတ်အတွင်းရှိ ချောင်းကြီး၊ မြောင်းကြီးများ ရေအရည်အသွေးကောင်းမွန်ရေး၊ ရေစီးရေလာကောင်းမွန်ရေးနှင့် သန့်ရှင်းသာယာလှပရေးအတွက် လုပ်ငန်းကော်မတီဖွဲ့စည်း၍ အဖွဲ့ခေါင်းဆောင်နှင့် သန့်ရှင်းရေးဌာန၊ ရေနှင့် သန့်ရှင်းမှုဌာန၊ စည်ပင်သာယာမြို့နယ်အုပ်ချုပ်ရေးမှူးများပါဝင်သည့်အဖွဲ့သည် သက်ဆိုင်ရာဌာနများမှ လူအင်အား၊ စက်ယန္တရားများအသုံးပြု၍ ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများကို နေ့စဉ်ဆောင်ရွက်လျက်ရှိသည်။

(အောက်ပုံ)

ထိုသို့ လုပ်ငန်းများဆောင်ရွက်ရာတွင် ယမန်နေ့က အောင်မြေသာစံမြို့နယ် သန့်ရှင်းရေးဌာန တာဝန်ရှိသူများသည် ပုလဲငွေရောင်ရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ၈၃ လမ်းအရှေ့ဘက်ခြမ်းမြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို လုပ်သားများက ၂၁ လမ်းနှင့် ၂၂ လမ်းကြား၌ ဆယ်ယူရှင်းလင်းခြင်း၊ ရေနီမြောင်းရေစီးရေလာကောင်းမွန်ရေးအတွက် ၁၇ လမ်းနှင့် ၁၉ လမ်းကြားတွင် တပ်ဆင်ထားသည့် အမှိုက်စစ်ဆန်ခါများမှ ဒိုက်နှင့် အမှိုက်များကို လုပ်သားများက ဆယ်ယူရှင်းလင်းခြင်းနှင့် ရွှေတချောင်းမြောင်းရေစီးရေလာကောင်းမွန်ရေးအတွက် မြောင်းအတွင်းမှ အမှိုက်နှင့် ဒိုက်များကို လုပ်သားများက ၁၀ လမ်းနှင့် ၁၂ လမ်းကြား၌ ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။ ချမ်းအေးသာစံမြို့နယ် သန့်ရှင်းရေးဌာန တာဝန်ရှိသူများသည် အောင်နန်းရိပ်သာအရှေ့ရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ၈၁ လမ်းအရှေ့ဘက်ခြမ်းမြောင်းအတွင်းမှ အမှိုက်၊ မြောင်းစာများနှင့် အ.ထ.က(၁၄)ကျောင်းဝင်းအတွင်းမြောင်းများကို လုပ်သားများက ၃၂ လမ်းနှင့် ၃၃ လမ်းကြား၌ ဆယ်ယူရှင်းလင်းခြင်း၊ စိတ္တရမဟီရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ၇၄ လမ်းအရှေ့ဘက်ခြမ်းမြောင်းအတွင်းမှ မြောင်းစာနှင့် ဒိုက်များကို E-35 ဘက်ဟိုးစက်အသုံးပြု၍ ၂၈ လမ်းနှင့် ၂၉ လမ်းကြား၌ ဆယ်ယူရှင်းလင်းခြင်းနှင့် ငွေတချောင်းမြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ၇၁ လမ်းနှင့် ၃၄ လမ်းတံတားအတွင်း မြောင်းတွင် အမှိုက်နှင့် ဒိုက်များကို လုပ်သားများက ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။ ချမ်းမြသာစည်မြို့နယ် သန့်ရှင်းရေးဌာန တာဝန်ရှိသူများသည် မြရည်နန္ဒာရပ်ကွက်ရေစီးရေလာကောင်းမွန်ရေးအတွက် ၁၁၄ လမ်းတောင်ဘက်ခြမ်းမြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို လုပ်သားများက ၄၆ လမ်းနှင့် ၄၇ လမ်းကြား၌ ဆယ်ယူရှင်းလင်းခြင်း၊ အောင်ပင်လယ်ရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ၅၃C လမ်း အ.လ.က(ခွဲ)(၁၉)ကျောင်းအရှေ့ဘက်ခြမ်းမြောင်းအတွင်းမှ ဒိုက်နှင့် မြောင်းစာများကို E-35 ဘက်ဟိုးစက်အသုံးပြု၍ ၁၀၂ လမ်းနှင့် ၁၀၂A လမ်းကြား၌ ဆယ်ယူရှင်းလင်းခြင်း၊ မြို့သစ်(၁) ရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ၆၇ လမ်း မြို့နယ်စိုက်ပျိုးရေးရုံးမျက်နှာစာမြောင်းအတွင်းမှ ဒိုက်နှင့် မြောင်းစာများကို Takeuchi-4 ဘက်ဟိုးစက် အသုံးပြု၍ ၁၀၂A လမ်းနှင့် ၁၀၃ လမ်းကြား၌ ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။ ပြည်ကြီးတံခွန်မြို့နယ် သန့်ရှင်းရေးဌာန တာဝန်ရှိသူများသည် (ည) ရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ၄၉ လမ်းအနောက်ဘက်ခြမ်းမြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို Hitachi-70 ဘက်ဟိုးစက်အသုံးပြု၍ ၁၄၃C လမ်းနှင့် မယ်တော်စုရွာကြား ဆယ်ယူရှင်းလင်းခြင်း၊ (ည) ရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ၅၆ လမ်းအနောက်ဘက်ခြမ်းမြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို E-35 ဘက်ဟိုးစက်အသုံးပြု၍ ၁၄၁ လမ်းနှင့် ၁၄၂ လမ်းကြား၌ ဆယ်ယူရှင်းလင်းခြင်း၊ ဂျပန်မြောင်းအတွင်းစီးဝင်သည့် ၄၉A လမ်းအရှေ့ဘက်ခြမ်းမြောင်းအတွင်းမှ ဒိုက်နှင့် မြောင်းစာများကို Takeuchi ဘက်ဟိုးစက် အသုံးပြု၍ ၁၂၁ လမ်းနှင့် ၁၂၂ လမ်းကြား၌ ဆယ်ယူရှင်းလင်းခြင်း၊ ပန်းရုံတော်ချောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ၆၈ လမ်းအနီးချောင်းအတွင်းမှ ဗေဒါနှင့် ဒိုက်များကို Longarm စက်အသုံးပြု၍ ဆယ်ယူရှင်းလင်းခြင်းနှင့် ၅၁C လမ်းအရှေ့ဘက်ခြမ်းမြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို လုပ်သားများက အေးသုခလမ်းနှင့် ရတနာလမ်းကြား၌ ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြပြီး မြို့နယ်အလိုက် ဆယ်ယူထားသည့် အမှိုက်နှင့် မြောင်းစာများကို မော်တော်ယာဉ်များဖြင့် သိမ်းဆည်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၃)

၀-၀-၀-၀-၀



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

□ ရှေ့ဖုံးမှ

မန္တလေးတိုင်းဒေသကြီးကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူက အမျိုးသမီးတံခွန်စိုက်ဆုဖလားရရှိသည့် ရခိုင်ပြည်နယ်အသင်းကိုလည်းကောင်း၊ တံခွန်စိုက်ဆုဖလားများ ပေးအပ်ချီးမြှင့်ကြသည်။

ရည်ရွယ်ကျင်းပ

၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ပိုက်ကျော်ခြင်း ပြိုင်ပွဲကို ပြည်နယ်နှင့်တိုင်းဒေသကြီး အသီးသီးရှိ အားကစားသမားများ အချင်းချင်း ချစ်ကြည်ရင်းနှီးမှုရရှိစေရန်၊ မြန်မာ့ပိုက်ကျော်ခြင်း အားကစားအဆင့်အတန်းတိုးတက်မြင့်မားလာစေရန်နှင့် မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ အမျိုးသားအသင်း ၁၅ သင်းနှင့် အမျိုးသမီးအသင်း ၁၃ သင်းတို့မှ အုပ်ချုပ်သူ/နည်းပြ၊ အားကစားသမား စုစုပေါင်း ၂၆၉ ဦးဖြင့် မေ ၂၃ ရက်မှ ၃၁ ရက်အထိ ဝဏ္ဏသိဒ္ဓိအားကစားရုံ (A)၌ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ အမျိုးသမီးတံခွန်စိုက်ဆုဖလားရရှိသည့် ရခိုင်ပြည်နယ်အသင်းအား တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်း အမျိုးသားတံခွန်စိုက်ဆုဖလားရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းအား တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်စဉ်။

# တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် (၂၈)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ

နေပြည်တော် မေ ၃၁

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်၏ (၂၈)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်ဝင်းဗိုလ်၊ ပါမောက္ခချုပ် ဗိုလ်မှူးကြီးဒေါ်မေခင်သိန်းနှင့် ပညာရေးအဖွဲ့ဝင်များ စုံညီစွာတက်ရောက်ကြသည်။

ဦးစွာ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် ကျောင်းအုပ်ကြီးနှင့် ပညာရေးအဖွဲ့ဝင်များက ဘွဲ့နှင်းသဘင်ခန်းမသို့ ဝင်ရောက်ကာ သတ်မှတ်နေရာများတွင် နေရာယူကြပြီး မြန်မာ့ဆိုင်းတူရိယာအဖွဲ့က နိုင်ငံတော်သီချင်းတီးမှုတ်ကာ ဘွဲ့နှင်းသဘင်အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် ကျောင်းအုပ်ကြီးက ဘွဲ့နှင်းသဘင် ကျင်းပကြောင်းကြေညာပြီး ဘွဲ့ယူမည့်သူများအား ကတိသစ္စာခံယူစေခြင်း၊ သက်ဆိုင်ရာ ပါမောက္ခများက ဘွဲ့ယူမည့်သူများကို ပါမောက္ခချုပ်ထံသို့ပို့ဆောင်ခြင်းတို့ကို အစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။

ဘွဲ့လက်မှတ်များချီးမြှင့်

ယင်းနောက် ပါမောက္ခချုပ်က ပါရဂူဘွဲ့ (ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့် ပုံရိပ်ဖော်နည်းပညာ)၊ သူနာပြုမဟာသိပ္ပံဘွဲ့၊ အထူးကြပ်မတ်သူနာပြုစုမှုမဟာသိပ္ပံဘွဲ့၊ ဆေးဝါးနှင့် ဆေးဘက်ဆိုင်ရာနည်းပညာမဟာသိပ္ပံဘွဲ့၊ ဆေးပညာသင်ကြားရေးဘွဲ့လွန်ဒီပလိုမာ၊ ဆေးဘက်ဆိုင်ရာ အသံလှိုင်းဖြင့် ရောဂါရှာဖွေခြင်းနည်းပညာဒီပလိုမာ၊ ခွဲစိတ်ခန်းသူနာပြုစုမှုဒီပလိုမာ၊ နှလုံးရောဂါအထူးပြုသူနာပြုစုမှုဒီပလိုမာ၊ အရိုးရောဂါအထူးပြု သူနာပြုစုမှုဒီပလိုမာရရှိသူများကို ဘွဲ့လက်မှတ်များ ချီးမြှင့်အပ်နှင်းသည်။

ဆက်လက်၍ ကျောင်းအုပ်ကြီးက ဘွဲ့ရသူများအား ဘွဲ့များနှင့်လျော်ညီသော အဆောင်အယောင် အမှတ်လက္ခဏာဖြစ်သည့် ဝတ်ရုံများကို ဝတ်ဆင်ခွင့်ပြုပြီး ဘွဲ့နှင်းသဘင်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် ကျောင်းအုပ်ကြီးက ဘွဲ့နှင်းသဘင် မိန့်ခွန်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းကြောင်း ကြေညာသည်။

သတင်းစဉ်




## ပခုက္ကူစာပေဆုများ ထုတ်ပြန်ကြေညာ

# တစ်သက်တာစာပေဆုကို ဆရာကြီး ဦးခင်အောင် (ရွှေဘိုဘာမထီခင်အောင်)၊ ဦးတင့်လွင်(တက်လူ)တို့ ရရှိ

ရန်ကုန် မေ ၃၁

ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆုကို နှစ်စဉ်ချီးမြှင့်လျက်ရှိရာ အကြိမ် (၃၀) မြောက်အတွက် ပခုက္ကူစာပေဆုရရှိသူများ၏ အမည်စာရင်းကို ပခုက္ကူစာပေဆု ရန်ပုံငွေကြီးကြပ်ရေးကော်မတီက ယနေ့ထုတ်ပြန်ကြေညာသည်။

ဝတ္ထုရှည်ဆုတွင် ဒုတိယဆုကို ညိမ်းညို ရေးသားသည့် "မေတ္တာနွေးထွေးပါသည်"၊ တတိယဆုကို နေစိုးသော် ရေးသားသည့် "စိတ်" စာမူတို့က လည်းကောင်း၊ ဝတ္ထုတိုပေါင်းချုပ်ဆုတွင် ပထမဆုကို အမေ့သား (နတ်မောက်) ရေးသားသည့် "မုသားချိုချိုနှင့် အခြားဝတ္ထုတိုများ"၊ ဒုတိယဆုကို ကိုနီသွေး (မန်းမြို့) ရေးသားသည့် "အတိုဆုံးဝတ္ထု၊ အရှည်ဆုံးပြဇာတ်နှင့် အခြားဝတ္ထုတိုများ"၊ တတိယဆုကို ထွန်းလှိုင် (မြိုင်) ရေးသားသည့် "မွေးရပ်မြေနှင့် သူငယ်ချင်းနှင့် သုတရသဝတ္ထုတိုပေါင်းချုပ်" စာမူတို့ကလည်းကောင်း၊ ကဗျာပေါင်းချုပ်ဆုတွင် ပထမဆုကို ကောင်းနွဲ့ ရေးသားသည့် "ရောင်နီသန်းချိန် ပန်းပွင့်ချိန်"၊ ဒုတိယဆုကို ရွှေမင်းသား (စစ်ကိုင်း) ရေးသားသည့် "မွေးမြဂုဏ်ရည် စာပန်းသီကဗျာများ"၊ တတိယဆုကို ကနောင်နိုင်နွယ်ဦး ရေးသားသည့် "ဘဝတေးသံကဗျာများ" စာမူတို့က လည်းကောင်း၊ ကျမ်းစာပေဆုတွင် ပထမဆုကို ကိုတိုး (ရန်ကင်း) ရေးသားသည့် "ကုန်းဘောင်ခေတ် စာဆို လက်ဝဲသုန္ဒရ၏ ဘဝနှင့်စာပေ"၊ ဒုတိယဆုကို ဦးဝင်းမြင့်မောင် (လင်းအရဏ်ဦး) ရေးသားသည့် "ရတနာပုံအိမ်ရှေ့စံ"၊ တတိယဆုကို သက်ဦးမောင် ရေးသားသည့် "ရုပ်ရှင်နှင့် နိုင်ငံရေး၊ အမျိုးသားရေး အခန်းကဏ္ဍ" စာမူတို့ကလည်းကောင်း၊ သုတေသနစာပေဆုတွင် ပထမဆုကို မာန်သစ်ငြိမ်း (ရေးဟောင်း သုတေသန) ရေးသားသည့် "သရေခေတ္တရာပျူတို့၏ ရွှေထည်ငွေထည်ယဉ်ကျေးမှု အနုလက်ရာများ"၊ ဒုတိယဆုကို ကိုဇော်ဌေး (ယဉ်ကျေးမှု) ရေးသားသည့် "ဆိုကရေးတီး ရိုးရာခရီး"၊ တတိယဆုကို လက်ယာ (မေတ္တာတံခွန်) ရေးသားသည့် "လပြည့်နေ့ဖွား မြန်မာလူကျော်များ" စာမူတို့ကလည်းကောင်း အသီးသီး ရရှိကြသည်။

ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူပညာသင်ဆုကို အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ် (ရန်ကုန်) မှ မသန့်ဖြူဖြူထွန်း (ဒုတိယနှစ်-ပန်းချီပညာဌာန) နှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)မှ မောင်မင်းသုဟန်ကျော် (ဒုတိယနှစ်-ပန်းချီပညာဌာန) တို့က ရရှိကြသည်။

အကြိမ်(၃၀)မြောက်ပခုက္ကူဦးအုံးဖေစာကြည့်တိုက်ဆုကို ခင်မောင်ဝင်း (အညာမြေ) ရေးသားသည့် ကျွန်တော်သိသော ကျွန်တော့်ရွာစာအုပ်၊ ဆရာသဲ ရေးသားသည့် သရဖွေးလက်ာအဖွင့်ကျမ်းစာအုပ်တို့က ရရှိကြသည်။

ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေ တစ်သက်တာဆုကို ၁၀ သိန်း၊ ပခုက္ကူစာပေဆု ပထမဆုကို ခုနစ်သိန်း၊ ဒုတိယဆုကို ငါးသိန်းနှင့် တတိယဆုကို လေးသိန်း ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ပခုက္ကူစာပေဆု ဆုရရှိသူများသည် စာတည်းမှူးချုပ် စာပေဗိမာန် အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ စာတည်းမှူးချုပ် ၀၁၈-၂၄၀၀၄၈ နှင့် စီမံရေးရာဌာန ၀၁၈-၃၈၁၄၄၉ သို့ ဆက်သွယ်ကြရန်နှင့် ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆုချီးမြှင့်ပွဲ အခမ်းအနားတွင် စာကြည့်တိုက်စာအုပ်ဆုပါ ချီးမြှင့်သွားမည်ဖြစ်ပြီး ကျင်းပမည့် အချိန်၊ နေရာ၊ ရက်တို့ကို ထပ်မံကြေညာသွားမည်ဖြစ်ကြောင်း သိရပါသည်။

စာပေဗိမာန်

# အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အထက်တန်း၊ အလယ်တန်း၊ မူလတန်း ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာ ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကျင်းပ

မန္တလေး မေ ၃၁

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ(မန္တလေး)ရှိ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ အထက်တန်း၊ အလယ်တန်း၊ မူလတန်း ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာ ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပပြုလုပ်ရာ အခမ်းအနားသို့ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကြည်ခိုင်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည် မိသားစုများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက အထက်တန်း၊ အလယ်တန်း၊ မူလတန်း၊ ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ချီးမြှင့်ရာ ကျောင်းသား၊ ကျောင်းသူများမှ အသီးသီးလက်ခံရယူကြသည်။

ယင်းနောက် တိုင်းမှူးက အခမ်းအနားသို့ တက်ရောက်လာသော အရာရှိ၊ စစ်သည်မိသားစုများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအား ရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။




အဆိုပါ အခမ်းအနားတွင် အခြေခံပညာအဆင့်(အထက်တန်း၊ အလယ်တန်း၊ မူလတန်း) ကျောင်းသား၊ ကျောင်းသူ ၄၉၁ ဦးတို့ကို ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

အလားတူ တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်နယ်များတွင်လည်း ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ အထက်တန်း၊ အလယ်တန်း၊ မူလတန်း ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာ ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားများကို ယနေ့တွင် ကျင်းပပြုလုပ်ခဲ့ပြီး(အထက်တန်း၊ အလယ်တန်း၊ မူလတန်း)ကျောင်းသား၊ ကျောင်းသူ(၂၁၈၂၆)ဦး ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၀၃၈)

# ဒုတိယဝန်ကြီး ဦးဝင်းဖေ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး (နေပြည်တော်-မန္တလေးလမ်းပိုင်း) မိတ္ထီလာ-ကျောက်ပန်းတောင်း-ညောင်ဦး BOT လမ်း ပြင်ဆင်ထိန်းသိမ်းဆောင်ရွက်နေမှုနှင့် ညောင်ဦးမြို့ ဘက်စုံသုံးမြို့နယ်ခန်းမ အဆောက်အအုံအသစ်တည်ဆောက်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၃၁

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး (နေပြည်တော်-မန္တလေး လမ်းပိုင်း)ရှိ လမ်းလယ်ကျွန်းနှင့် လမ်းဘေးဝဲ/ယာ သန့်ရှင်းသပ်ရပ်သာယာလှပရေး ဆောင်ရွက်နေမှုနှင့် သီးကုန်းတိုးလ်ဂိတ် လမ်းအသုံးပြုခကောက်ခံနေမှု၊ တိုးလ်ဂိတ်၌ ကတ္တားအသစ် ပြန်လည်တပ်ဆင်ခြင်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

## ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် BOT စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသော မိတ္ထီလာ-ကျောက်ပန်းတောင်း-ညောင်ဦးလမ်းပိုင်း မိုင်တိုင်အမှတ်(၂၅/၁) နှင့် (၂၅/၂)အကြား လမ်းဘေးဝဲ/ယာ လမ်းပခုံးဆောင်ရွက်နေမှုများနှင့် လမ်းတစ်လျှောက် လမ်းပြင်ဆင် ထိန်းသိမ်းနေမှုများကို ကြည့်ရှုစစ်ဆေးရာ မန္တလေးတိုင်းဒေသကြီး လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ)နှင့် BOT ကုမ္ပဏီမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြကြသည်။



ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကျောက်ပန်းတောင်းတိုးလ်ဂိတ်အနီးရှိ မြတ်နိုးသူကုမ္ပဏီရှင်းလင်းဆောင်တွင် BOT လမ်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် ကုမ္ပဏီများနှင့်တွေ့ဆုံပြီး လမ်းပေါက်များမရှိစေရေး စနစ်တကျပြင်ဆင်ဆောင်ရွက်ရန်၊ လမ်းပခုံးများ ကောင်းမွန်စေရေး၊ လမ်းသားမျက်နှာပြင်ပျက်စီးမှုမရှိစေရေး၊ လမ်းဘေးဝဲ/ယာ စိမ်းလန်းစိုပြည်ရေး၊ မြို့နယ်၊ ခရိုင် လမ်းအင်ဂျင်နီယာများအနေဖြင့် မိမိလမ်းဇရိယာနယ်မြေအတွင်း လမ်းများပျက်စီးမှု မရှိစေရေးအတွက် ကွင်းဆင်းစစ်ဆေးပြီး BOT ကုမ္ပဏီများသို့ အချိန်မီ ပြုပြင်နိုင်ရေး အလေးထားကြပ်မတ်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကျောက်ပန်းတောင်းမြို့နယ် လမ်းဦးစီးဌာန ဦးစီးအရာရှိ (မြို့ပြ)ရုံးသို့ရောက်ရှိပြီး ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ဝန်ထမ်းများအနေဖြင့် တာဝန်ထမ်းဆောင်ရာတွင် ပါတီနိုင်ငံရေးကင်းရှင်းရေး၊ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများနှင့်အညီ နေထိုင်နိုင်ရေး၊ တာဝန်ကိုကျေပွန်စွာထမ်းဆောင်နိုင်ရေး မှာကြားပြီး ဝန်ထမ်းများ၏ လုပ်ငန်းအခက်အခဲများကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

## ရှင်းလင်းတင်ပြ

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ညောင်ဦးမြို့သို့ရောက်ရှိပြီး ညောင်ဦးမြို့ ဘက်စုံသုံးမြို့နယ်ခန်းမအဆောက်အအုံအသစ်တည်ဆောက်ခြင်းလုပ်ငန်းခွင် ရှင်းလင်းဆောင်သို့ရောက်ရှိရာ အဆောက်အဦဦးစီးဌာန အင်ဂျင်နီယာချုပ်(လျှပ်စစ်) ဦးကြည်လှိုင်ဝင်းနှင့် အဆောက်အဦအထူးအဖွဲ့(၇) ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ) ဦးလှမိုးဇော်တို့က လျှပ်စစ်မီးရရှိဆောင်ရွက်ထားရှိမှု၊ စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ ဗိသုကာပုံစံများ၊ လုပ်ငန်းစီမံချက်နှင့် ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ညောင်ဦးမြို့ ဘက်စုံသုံးမြို့နယ်ခန်းမ အဆောက်အအုံအသစ် တည်ဆောက်ခြင်းလုပ်ငန်းခွင်အတွင်းသို့ လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်




# မျိုးဆက်သစ်ဘောလုံးသမားများ ပေါ်ထွန်းလာစေရေး တွေ့ဆုံဆွေးနွေး

မန္တလေး မေ ၃၁

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်သည် ယမန်နေ့နံနက်ပိုင်းက မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ၇၃လမ်းရှိ မြန်မာဘောလုံးအကယ်ဒမီအစည်းအဝေးခန်းမတွင် မန္တလေးတိုင်းဒေသကြီးဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစောငြိမ်းနှင့်အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီး ဘောလုံးသမားဟောင်းများအသင်းနာယက မြန်မာ့လက်ရွေးစင်ဟောင်း ဦးခင်မောင်လေးအမှူးပြုသော မြန်မာ့လက်ရွေးစင်ဘောလုံးသမားဟောင်းကြီးများနှင့် တွေ့ဆုံ၍ မျိုးဆက်သစ်ဘောလုံးသမားများ ပေါ်ထွန်းလာစေရေး၊ ဘောလုံးပြိုင်ပွဲများ စဉ်ဆက်မပြတ်ကျင်းပရေး၊ အခြေခံဘောလုံးသင်တန်းများဖွင့်လှစ်ရေး၊ မြန်မာဘောလုံးအကယ်ဒမီတွင် သင်ကြားနေမှုများနှင့် ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် လူငယ်များ ကာယ၊ ဉာဏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူငယ်မျိုးဆက်သစ်များ စဉ်ဆက်မပြတ်ထွက်ပေါ်ရေးအတွက် ၂၀၂၄ ခုနှစ် နွေရာသီဘောလုံးသင်တန်းများကို မန္တလေးမြို့ရှိ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မန္တလေးဘောလုံးအကယ်ဒမီတွင် သင်တန်းကြေး အခမဲ့ဖြင့် ဖွင့်လှစ်ပေးခဲ့သည်။

(၀၄၅)

# ကျောင်းဖွင့်ချိန်အမီ ကျောင်းသန့်ရှင်းရေး စုပေါင်းဆောင်ရွက်

မန္တလေး မေ ၃၁

ဇွန်လ ၃ ရက်နေ့တွင် အခြေခံပညာကျောင်းများစတင်ဖွင့်လှစ်တော့မည်ဖြစ်၍ ကျောင်းဖွင့်ရာသီတွင် ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်စေရေးအတွက် ကျောင်းနှင့်ဝန်းကျင်သန့်ရှင်းရေးဆောင်ရွက်ခြင်းကို ယနေ့နံနက် ၇ နာရီက မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ဘုန်းတော်တိုးရပ်ကွက်၊ အကွက်(၄၂)ရှိ အမှတ်(၁၇)အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ စုပေါင်းဆောင်ရွက်ကြသည်။

ထိုသို့ သန့်ရှင်းရေးဆောင်ရွက်ကြရာတွင် မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းအောင်ဖြိုး၊ ဒုတိယအုပ်ချုပ်ရေးမှူး ဦးအောင်ကျော်မြင့်နှင့် စည်ပင်ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ ဒုတိယမီးသတ်ဦးစီးမှူး ဦးဇေကိုကိုပိုင်နှင့် သန္နေမီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူးများ၊ ရပ်/ကျေးစာရေးဝန်ထမ်းများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များက ကျောင်းအုပ်ဆရာမကြီး ဒေါ်စောသလ္လာဝတီအောင်နှင့် ဆရာ၊ ဆရာမများ ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာပညာသင်ကြားနိုင်ရေးအတွက် ကျောင်းတွင်း၊ ကျောင်းပြင်သန့်ရှင်းလှပရေး သန်းရှင်းရေးဆောင်ရွက်ခြင်း၊ စာသင်ခုံများ သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ပြုပြင်ခြင်း၊ စာသင်ခန်းများအတွင်း စနစ်တကျထားရှိခြင်းတို့ကို တပျော်တပါး စုပေါင်းဆောင်ရွက်ကြသည်။

အဆိုပါ သန့်ရှင်းရေးဆောင်ရွက်ရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ၊ အဖွဲ့ဝင်(၁)ဗိုလ်မှူး ဝင်းမျိုးထွန်း၊ အဖွဲ့ဝင်(၂) ဦးဇော်လင်းဦးနှင့် တာဝန်ရှိသူများမှ လာရောက်ကြည့်ရှုအားပေးကြကြောင်း သိရသည်။

(၀၉၃)

# ယူရီးယားမြေဩဇာဝယ်ယူဖြန့်ဖြူးရောင်းချရေးဦးဆောင်ကော်မတီ အစည်းအဝေးကျင်းပ

နေပြည်တော် မေ ၃၁

ယူရီးယားမြေဩဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေးဦးဆောင်ကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ မြေဩဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့မှ ကိုယ်စားလှယ်များ၊ ဦးဆောင်ကော်မတီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်သည်။



ဦးစွာ ဦးဆောင်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ဦးဆောင်ကော်မတီအနေဖြင့် ကုမ္ပဏီအလိုက် ပြည်ပမှတင်သွင်းရာတွင် စနစ်တကျဖြစ်စေရေး၊ မျှမျှတတဖြစ်စေရေး၊ ပွင့်လင်းမြင်သာမှုဖြစ်စေရေးတို့ကိုလည်း ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် အမှန်တင်သွင်းသည့် ပမာဏကို အခြေခံပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် ဓာတ်မြေဩဇာတန်ချိန် ၁ ဒသမ ၆ သန်း တင်သွင်းသွားမည်ကို အသိပေးပြောကြားလိုပါကြောင်း၊ အမှန်တကယ်သုံးစွဲမှုကြောင့် ထပ်မံလိုအပ်ချက်ရှိလျှင်လည်း စိစစ်ပြီး ထပ်မံတင်ပြ/ ထောက်ခံဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံမြေဩဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်း၏ စိစစ်တင်ပြချက်အရ ၂၀၂၄ ခုနှစ် ဧပြီ၊ မေ၊ ဇွန် သုံးလအတွက် စုစုပေါင်း ဓာတ်မြေဩဇာတန်ချိန် ၆ ဒသမ ၇၉ သိန်းနှင့် ပိုးသတ်ဆေးတန်ချိန် ၁၀၉၂၂ တန်တို့ ထောက်ခံပေးခဲ့ပြီးဖြစ်ကြောင်း၊ ကုမ္ပဏီအလိုက် သွင်းကုန်လိုင်စင် ရရှိပြီးမှု၊ တင်သွင်းပြီးမှု၊ အကြောင်းအမျိုးမျိုးကြောင့် တင်သွင်းရန် နှောင့်နှေးမှုများရှိခဲ့ပြီး လိုင်စင် သက်တမ်းတိုးပေးထားမှုများအပေါ် ကုမ္ပဏီအလိုက် သွင်းအားစုများရောက်ရှိပြီး အခြေအနေတို့ကို ပြန်လည်တင်ပြပေးစေလိုကြောင်း၊ လိုအပ်သည့် အချက်အလက်များရရှိရေးကိုလည်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းချိတ်ဆက်ဆောင်ရွက်ပေးထားပါကြောင်း။

ရည်ညွှန်းဈေးနှုန်းများ ထုတ်ပြန်ပေးမှုအနေဖြင့် ၂၀၂၄ ခုနှစ် ဇွန်လတွင် ကီလို ၅၀ တစ်အိတ်လျှင် ငွေကျပ် ၇၃၀၀၀ နှုန်းဖြစ်လာသည့်အတွက် ရောင်းဈေးနှုန်းများ ကျဆင်းလာသည်ကို တွေ့ရမည်ဖြစ်ပြီး တောင်သူများအတွက် ဈေးနှုန်းသက်သာပါကြောင်း၊ သို့သော် အချိန်ကြာလာသည်နှင့်အမျှ ပြည်ပပေါက်ဈေး အပြောင်းအလဲရှိနိုင်သည့်အတွက် လုပ်ငန်းစဉ်များ မြန်ဆန်သွက်လက်ရန် လိုအပ်သဖြင့် သက်ဆိုင်ရာဌာနများက မြန်မြန်ဆန်ဆန်ဆောင်ရွက်ကြရန် မှာကြားလိုပါကြောင်း။

ယခု မိုးစပါးရာသီအတွက် သွင်းအားစုများ အချိန်မီရရှိရေး၊ အရည်အသွေးပြည့်မီရေးနှင့် ဈေးနှုန်းသက်သာစေရေးတို့အတွက် သက်ဆိုင်ရာ အဖွဲ့ဝင်ဌာနများက ပူးပေါင်းကြီးကြပ်ဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် ဦးဆောင်ကော်မတီအတွင်းရေးမှူး၊ အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်က ယခင်အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားမှုများ၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် ဓာတ်မြေဩဇာတန်ချိန် လျာထားချက်များနှင့် ထောက်ခံပေးခဲ့မှုများကိုလည်းကောင်း၊ မြန်မာနိုင်ငံ မြေဩဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်း ကိုယ်စားလှယ်က လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်နှင့် ဒုတိယဝန်ကြီး ဦးမြင့်စိုးတို့က လုပ်ငန်းဆောင်ရွက်နေမှုများအပေါ် လိုအပ်သည်များ ဖြည့်စွက်ရှင်းလင်းဆွေးနွေးကြသည်။ ယင်းနောက် ဦးဆောင်ကော်မတီအဖွဲ့ဝင်များက မိမိတို့သက်ဆိုင်ရာဌာနအလိုက် လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအပေါ် ဝိုင်းဝန်းအကြံပြု ရှင်းလင်းဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက သွင်းအားစုများ ဈေးသက်သာစွာဖြင့် အချိန်မီရရှိရေး ဆောင်ရွက်ရာတွင် မိုးစပါးစိုက်ပျိုးပြီးပါက ဆက်လက်ဆောင်ရွက်မည့် ဆီထွက်သီးနှံနှင့် ဝါစိုက်ပျိုးရေး စီမံကိန်းများအတွက် ပါ ကြိုတင်မြော်တွေးစီစဉ်ဆောင်ရွက်ကြရန် မှာကြားကာ လုပ်ငန်းလိုအပ်ချက်များအပေါ် ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ၂၀၂၄ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

နေပြည်တော် မေ ၃၁

၂၀၂၄ ခုနှစ် "ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့" အထိမ်းအမှတ် အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာနရှိ Meeting Hall ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီး၊ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဗဟိုအဖွဲ့ အဖွဲ့ဝင်များနှင့် ကိုယ်စားလှယ်များ၊ ဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ မြန်မာနိုင်ငံဆရာဝန်အသင်း၊ မြန်မာနိုင်ငံဆေးကောင်စီနှင့် ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းတို့မှ ဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်များ၊ နေပြည်တော်ပြည်ထောင်စုနယ်မြေအတွင်းရှိ ဆေးရုံများမှ ဆေးရုံအုပ်ကြီးများနှင့် အခြေခံကျန်းမာရေးဝန်ထမ်းများ တက်ရောက်ကြသည်။




အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ဆေးလိပ်ဆေးရွက်ကြီးသောက်သုံးမှုကျဆင်းရေးကို ရည်ရွယ်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ မေ ၃၁ ရက်ကို ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့အဖြစ် သတ်မှတ်ကာ အထိမ်းအမှတ်အခမ်းအနားများ နှစ်စဉ်ကျင်းပဆောင်ရွက်ခဲ့ကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ၂၀၂၄ ခုနှစ် "ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့" အထိမ်းအမှတ်ဆောင်ပုဒ်မှာ "Protecting Children From Tobacco Industry Interference" ဖြစ်ကြောင်း၊ မြန်မာဘာသာဖြင့် "ဆေးလိပ်ဆေးရွက်ကြီး လွှမ်းမိုးမှုအန္တရာယ်၊ သတိပြုကာကွယ်တို့လူငယ်"ဟု ဘာသာပြန်ဆိုထားကြောင်း၊ ကမ္ဘာတစ်ဝန်းတွင် အင်တာနက်နှင့် လူမှုကွန်ရက်စာမျက်နှာသုံးစွဲမှုမြင့်မားလာသည့်အချက်ကို အခွင့်ကောင်းယူ၍ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း ထုတ်လုပ်ရောင်းချသူများသည် ၎င်းတို့၏ထုတ်ကုန်များကို သုံးစွဲလာစေရန် နည်းမျိုးစုံဖြင့် ဆောင်ရွက်လာကြကြောင်း။

အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများမှလူငယ်များကို ဦးတည်ဆွဲဆောင်လာကြကြောင်း၊ အချို့သောသုတေသနအဖွဲ့အစည်းများကို ငွေကြေးအမြောက်အမြားပေးပြီး ၎င်းတို့၏ ထုတ်ကုန်များကို သုံးစွဲခြင်းဖြင့် ကျန်းမာရေးထိခိုက်မှုမရှိဟူသော သတင်းအမှားများကို လူငယ်များထံသို့ ရည်ရွယ်ချက်ရှိရှိ ဖြန့်ဝေပေးလျက်ရှိသည့်အပြင် E-cigarette၊ Vape၊ Heated Tobacco Products အစရှိသည့် အီလက်ထရောနစ်အငွေ့ရှူစက်များကို လူငယ်များသာမက ကလေးငယ်များအကြိုက်ဖြစ်အောင် ပုံစံအမျိုးမျိုး၊ အနံ့အရသာအမျိုးမျိုးဖြင့် ထုတ်လုပ်ပြီး ထင်ပေါ်ကျော်ကြားလူသိများသူများဖြင့် လူမှုကွန်ရက်စာမျက်နှာနှင့် မီဒီယာများမှ အရောင်းမြှင့်တင်နေကြကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဆေးရွက်ကြီးထိန်းချုပ်ရေး အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း WHO Framework Convention on Tobacco Control - article 5.3 အရ ပြည်သူ့ကျန်းမာရေးဆိုင်ရာမူဝါဒများ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နှောင့်နှေးကြန့်ကြာစေရန် ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း ထုတ်လုပ်ရောင်းချသူများက နည်းအမျိုးမျိုးဖြင့် ဟန့်တားနှောင့်ယှက်နေသည့်အပေါ် အဖွဲ့ဝင်နိုင်ငံများအနေဖြင့် တားဆီးကာကွယ်သွားရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဆေးရွက်ကြီးထိန်းချုပ်ရေး အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း WHO Framework Convention on Tobacco Control ကို ၂၀၀၃ ခုနှစ်တွင် လက်မှတ်ရေးထိုးပြီး ကွန်ဗင်းရှင်းပါပြဋ္ဌာန်းချက်များကို အခြေခံ၍ ၂၀၀၆ ခုနှစ်တွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဥပဒေကို ပြဋ္ဌာန်းဆောင်ရွက်ခဲ့ကြောင်း၊ အသက် ၁၈ နှစ်မပြည့်သေးသူကို ဆေးလိပ်ရောင်းချခြင်းမပြုရန်၊ ကျောင်းပရိဝုဏ်အတွင်းနှင့် ကျောင်းပရိဝုဏ်မှ ပေ ၁၀၀ အတွင်း ဆေးလိပ်ရောင်းချခြင်းမပြုရန် ဥပဒေအရတားမြစ်ထားပြီးဖြစ်ကြောင်း၊ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများ ကြော်ငြာခြင်း၊ အရောင်းမြှင့်တင်ခြင်းနှင့် အကျိုးပြုလုပ်ငန်းများတွင် အထောက်အပံ့ပေးခြင်းများကို ဥပဒေအရ ပြစ်မှု၊ ပြစ်ဒဏ်များဖြင့် တင်းကျပ်စွာတားမြစ်ထားကြောင်း၊ ကျန်းမာရေးကိုထိခိုက်စေနိုင်သည့်အတွက် အီလက်ထရောနစ်အငွေ့ရှူစက်များအပါအဝင် ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုအန္တရာယ်နှင့် ပတ်သက်၍ကျန်းမာရေးအသိပညာမြှင့်တင်ပေးခြင်း၊ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးလုပ်ငန်းများတွင် ကိုယ်တိုင်ပါဝင်လုပ်ကိုင်ဆောင်ရွက်နိုင်သည့် အခွင့်အလမ်းများ ဖန်တီးပေးခြင်းဖြင့် လူငယ်များကို ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း ထုတ်လုပ်ရောင်းချသူများ၏ လှည့်ဖြားမှုအန္တရာယ်မှ အကာအကွယ်ပေးနိုင်ရန်အတွက် အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ၂၀၂၄ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ် မှတ်တမ်းဗီဒီယို ပြသပြီး ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသထားသည့် ပြခန်းငယ်ကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ရုံးလုပ်ငန်းသင်တန်းအမှတ်စဉ်(၁/၂၀၂၄)သင်တန်းဆင်းပွဲ ကျင်းပ



**မန္တလေး မေ ၃၁**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ရုံးလုပ်ငန်းသင်တန်းအမှတ်စဉ်(၁/၂၀၂၄)သင်တန်းဆင်းပွဲကို ယနေ့နံနက် ၉ နာရီက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲသို့ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးဝင်းမောင်၊ တွဲဖက်အတွင်းရေးမှူး ဦးသက်နိုင်ထွန်း၊ ကော်မတီဝင်(၁)ဦးမြင့်ဦး၊ ကော်မတီဝင်(၂)ဦးနေလင်းထွန်း၊ ဌာနမှူးများ၊ ဒုတိယဌာနမှူးများ၊ ဌာနခွဲမှူးများ၊ ဌာနစုမှူးများ၊ ပြင်ပနည်းပြများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ အတွင်းရေးမှူးက သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းတွင် ထူးချွန်ဆုရရှိသူများကို ဆုများပေးအပ်ရာ ထူးချွန်တတိယဆုရ ဦးဝေယံလင်း(စက်မှုကျွမ်း-၄)ရေနှင့်သန့်ရှင်းမှုဌာနကိုလည်းကောင်း၊ ထူးချွန်ဒုတိယဆုရ ဦးနိုင်ထွန်း ဈေးခေါင်း-၄(စည်း/ထိန်း)၊ ဈေးနှင့်သားသတ်ဌာနကိုလည်းကောင်း၊ ထူးချွန်ပထမဆုရ ဦးကျော်ဇေယျ (ဒု-လက်ထောက်ကွန်ပျူတာလုပ်ဆောင်ရေးမှူး)စက်ရုံနှင့်မော်တော်ယာဉ်ဌာနတို့ကို ဆုများအသီးသီးပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တွဲဖက်အတွင်းရေးမှူးက ပြင်ပနည်းပြများအား အမှတ်တရလက်ဆောင်ပေးအပ်ပြီး ကော်မတီဝင်(၁)က သင်တန်းသား၊ သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ကော်မတီဝင်များ၊ ပြင်ပနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူ(၃၀)ဦးက မှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ရုံးလုပ်ငန်းသင်တန်းအမှတ်စဉ်(၁/၂၀၂၄)ကို ၆-၅-၂၀၂၄ ရက်မှ ၃၁-၅-၂၀၂၄ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး ကော်မတီ၏ ဌာနကြီး(၁၄)ခုမှ သိသင့်သိထိုက်သောလုပ်ငန်းသဘာဝများ၊ ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ရုံးစာရေးသားနည်း၊ ရုံးစာများစနစ်တကျထိန်းသိမ်းနည်း၊ အချိန်မီပြီးပြည့်စုံသည့် ရုံးစာများ စနစ်တကျမှန်ကန်စွာဖြင့် ပြုစုရေးသားတင်ပြနည်းများ၊ နိုင်ငံ့ဝန်ထမ်းတိုင်းထမ်းဆောင်ရမည့်တာဝန်၊ စောင့်ထိန်းရမည့်ကျင့်ဝတ်၊ လိုက်နာရမည့်စည်းကမ်း၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေ၊ နည်းဥပဒေ၊ လုံခြုံရေးဆိုင်ရာအသိပညာ၊ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာအသိပညာ၊ လူမှုဖူလုံရေးဆိုင်ရာအသိပညာ၊ မီးဘေးလုံခြုံရေးဆိုင်ရာအသိပညာ၊ နိုင်ငံတကာဆက်ဆံရေးပညာရပ်ဆိုင်ရာ အသိပညာ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ အသိပညာနှင့် သင်တန်းပို့ချသူ ဆရာ၊ ဆရာမများ၏ အတွေ့အကြုံများ စသည်တို့ကို ကော်မတီတွင်းမှသာမက ပြင်ပနည်းပြများကိုပါ ဖိတ်ကြား၍ အချိန်တိုအတွင်း သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၃)**

၀-၀-၀-၀-၀-၀

## ပုသိမ်ကြီးမြို့နယ်တွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပ

**ပုသိမ်ကြီး မေ ၃၁**

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ မြို့နယ်အဆင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက အ.ထ.က ပုသိမ်ကြီး အောင်ဇမ္ဗူခန်းမဆောင်၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ အ.ထ.က ပုသိမ်ကြီးအဝင်ပေါက်ရှေ့တွင် စိုက်ထူထားသော "ကျောင်းနေအရွယ် ကလေးအားလုံး အခြေခံပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့" ဆိုင်းဘုတ်ရှေ့တွင် တာဝန်ရှိသူများ စုပေါင်းဓာတ်ပုံရိုက်ကြပြီး၊ အစီအစဉ်အရ အခမ်းအနားတွင် ကျောင်းသား၊ ကျောင်းသူလေးများက ကျောင်းနေအရွယ်ကလေး ကျောင်းအပ်နှံရေး တေးသီချင်းဖြင့် သီဆိုဖွင့်လှစ်ကာ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဦးက အမှာစကား ပြောကြားခဲ့သည်။ ထို့နောက် မြို့နယ်ပညာရေးမှူး ဦးမျိုးဇော်ခိုင်က ကျောင်းအပ်နှံရေးအတွက် ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ နိုင်ငံတော်မှ အခမဲ့ဖြန့်ဝေပေးသော ကျောင်းသုံးပုံနှိပ်စာအုပ်၊ ဗလာစာအုပ်၊ ဘောပင်၊ ခဲတံ၊ ကျောင်းဝတ်စုံများကို မြို့နယ်တာဝန်ရှိသူများမှ မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းသား၊ ကျောင်းသူများအား အသီးသီးပေးအပ်ခဲ့ကြသည်။ တက်ရောက်လာသည့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသားမိဘများကို "မိုးဦးအလှ စိမ်းစိုမြ" တေးသီချင်းဖြင့် ကျောင်းသား၊ ကျောင်းသူများက သီဆိုဖျော်ဖြေပေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**(ဝ၉၁)**



**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**



## မိုးသီးနှံစိုက်ပျိုးရန် လယ်ယာမြေထွန်ယက်ခြင်း လုပ်ငန်းခွင်ဝင်ရောက်

**တံတားဦး မေ ၃၁**

တံတားဦးခရိုင်၊ တံတားဦးမြို့နယ်တွင် ယခုနှစ်မိုးရာသီ သီးနှံများစိုက်ပျိုးရန် လယ်ယာမြေများ ပြုပြင်ခြင်း၊ အရည်အသွေးကောင်းမွန်သည့် သီးနှံများရရှိရေးနှင့် အထွက်နှုန်းကောင်းမွန်ရေးတို့အတွက် လယ်ယာမြေထွန်ယက်ခြင်းနှင့် မိုးစတင်ရွာသွန်းခြင်းကြောင့် မိုးကောင်းသောက် ယာမြေများ၌ လုပ်ငန်းခွင်သို့ စတင်ဝင်ရောက်နေပြီဖြစ်သည်။ **(အပေါ်ပုံ)**

တံတားဦးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာတွင် မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲစင်းငုံ၊ နွားစားပြောင်း၊ ရွှေဖရုံ၊ သခွါး၊ ဖရဲနှင့် မီးဖိုချောင်တွင် ချက်ပြုတ်စားသောက်ရန်အတွက် ဟင်းသီးဟင်းရွက်များ၊ ပဲစင်းငုံနှင့် သီးညှပ်စိုက်ပျိုးရန် စတင်စိုက်ပျိုးနေကြပြီး ထွန်ယက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေကြကြောင်း သိရသည် ။ ယခုနှစ်ဆီထွက်သီးနှံစိုက်ပျိုးမှု တိုးတက်ရေး အထူးဖုန်လုပ်ငန်းအဖြစ် ဆောင်ရွက်နေကြကြောင်းနှင့် သီးနှံစိုက်ခင်းများတွင် တစ်ဧကအထွက်နှုန်းတိုးတက်ရေး သီးနှံစိုက်ပျိုးစနစ် မှန်ကန်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည်။

တံတားဦးမြို့နယ်အတွင်းရှိ ကျေးရွာများတွင် ယခုရက်ပိုင်း မိုးသီးနှံများကို စတင်စိုက်ပျိုးလျက်ရှိကြောင်း၊ ဒါ့အပြင် စိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှု မြင့်မားရေး၊ အထွက်နှုန်းကောင်းမွန်ရေး ဒေသတွင်း ဆီထွက်သီးနှံဖူလုံရေးတို့အတွက် ၂၀၂၄-၂၀၂၅ ခုနှစ် မိုးသီးနှံမျိုးစုံ(၁၄၆၇၆၄)ဧက လျာထားစိုက်ပျိုးထုတ်လုပ်သွားမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**(၄၀၉)**

## ကလေးမြို့နယ်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်နက်ကြီးပစ်ခတ်မှုကြောင့် ပြည်သူ လေးဦး သေဆုံးပြီး ခုနစ်ဦး ထိခိုက်ဒဏ်ရာရခဲ့သည်ဟု မဟုတ်မမှန်သတင်းမှားများ ဖြန့်ဝေလျက်ရှိ

**နေပြည်တော် မေ ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်၌ နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များက မေ ၂၉ ရက်တွင် လက်နက်ကြီးပစ်ခတ်မှုကြောင့် တင်သားကျေးရွာအတွင်း ကျရောက်ပေါက်ကွဲခဲ့ပြီး ပြည်သူ လေးဦး သေဆုံးကာ ခုနစ်ဦး ထိခိုက်ဒဏ်ရာရခဲ့သည်ဟု မဟုတ်မမှန်စွပ်စွဲရေးသားထားသည့် သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက ပြည်သူများ အထင်အမြင်လွဲမှားစေရန် လှုံ့ဆော်ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။




တရားမဝင်ပြည်ဖျက်မီဒီယာများသည် အများပြည်သူ ကြောက်ရွံ့ထိတ်လန့်စေရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန်အတွက် ဖြစ်စဉ်ဖြစ်ရပ်များအပေါ် အခြေခံကာ လုပ်ကြံရေးသားထားသည့် သတင်းတု၊ သတင်းအမှားများကို ရည်ရွယ်ချက်ရှိရှိ လှုံ့ဆော်ဝါဒဖြန့်ဝေလျက်ရှိရာ ယခုဖြစ်စဉ်မှာလည်း ၎င်းကျေးရွာအနီး နယ်မြေလုံခြုံရေးဆောင်ရွက်ရန် ရောက်ရှိနေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို ပြည်သူများ ထင်ယောင်ထင်မှားဖြစ်စေရန်အတွက် မဟုတ်မမှန် လုပ်ကြံရေးသားထားခြင်းသာဖြစ်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီး ပစ်ခတ်ခဲ့ခြင်းမရှိကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

**သတင်းစဉ်**

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ



## Zhao Lusi@Rosy Zhao ကို နိုင်ငံ့ဂုဏ်ဆောင်ပုံရိပ်များနှင့် ဖော်ပြထား

တရုတ်မီဒီယာများက Olympic Torchbearer certificate နှင့်အတူ ကျန်းလူဆီ(ခေါ်) ရိုဆီကျန်းကို နိုင်ငံ့ဂုဏ်ဆောင်ပုံရိပ်များနှင့် ဖော်ပြထားသည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ကျန်းလူဆီသည် အဆိုပါပွဲတော်တွင် အဖြူရောင်ဝတ်စုံနှင့် မီးရှူးတိုင်ကို ပြင်သစ်နိုင်ငံတွင် သယ်ဆောင်ခဲ့ပြီး ပရိသတ်အလယ်တွင် အင်္ဂလိပ်စကားကိုပါ ကျွမ်းကျင်စွာပြောကြားသွားပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့၍ တရုတ်မီဒီယာများက အကျယ်တဝင့် ဖော်ပြထားသည်။

ကျန်းလူဆီ၏ လှပပြေပြစ်အချိုးအစားကျနသည့် ကိုယ်ခန္ဓာနှင့် မီးရှူးတန်ဆောင်သယ်ဆောင်၍ တရုတ်အလံများကြားတွင် အနီရောင်ကြားဖြူဖွေးလှပမှုနှင့် ကျက်သရေရှိစွာ နိုင်ငံ့ဂုဏ်ဆောင်ပုံရိပ်များကို ပြင်သစ်နိုင်ငံတွင် မြင်တွေ့ကြရ၍ ပရိသတ်များကြား ရေပန်းစားခဲ့သည်။

(SKY)

## BTS မှ Jimin က လှူဒါန်းမှုများစွာကို တိတ်တဆိတ် လှူဒါန်းထား

ဘီတီအက်စ်အဖွဲ့ဝင် ဂျီမင်သည် လှူဒါန်းမှုများစွာကို တိတ်တဆိတ်လှူဒါန်းလေ့ရှိရာမှ လက်ရှိ သင်တန်းတက်နေသော်လည်း အလှူအတန်းများပြုလုပ်ထားသည်ဟု ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဂျီမင်သည် ၂၀၁၆ မှစ၍ လှူဒါန်းမှုများပြုလုပ်ခဲ့ပြီး တိတ်တဆိတ်လှူဒါန်းထားမှုများကို သက်ဆိုင်ရာဌာနများမှ ဖော်ပြ၍သာ သိရှိခဲ့ရကာ ၂၀၂၄ ခုနှစ်တွင်လည်း သင်တန်းတက်ရောက်နေရာမှ Dong Eui သိပ္ပံနှင့်နည်းပညာတက္ကသိုလ်၏ ဒုတိယနှစ် ထူးချွန်ကျောင်းသားများအတွက် ဂျီမင်ပညာသင်ဆုပေးပွဲအခမ်းအနား ကျင်းပပေးခဲ့ပြီး တိတ်တဆိတ် လှူဒါန်းခဲ့သည်။



၂၀၁၆ မှ ၂၀၁၈ ခုနှစ်ထိ ဘူဆန်ဟိုဒုံး မူလတန်းကျောင်း တူညီဝတ်စုံများ၊ သီချင်းအယ်လ်ဘမ်များ ၂၀၁၉ ခုနှစ်တွင် ဘူဆန်မြို့တော်ပညာရေးရုံးသို့ ဝင်ငွေနည်းပါး မိသားစုပညာသင်စရိတ်၊ ၂၀၂၀ ပြည့်တွင် ဘူဆန်အနုပညာအထက်တန်းကျောင်း ထူးချွန်ကျောင်းသားများ၊ ၂၀၂၂ တွင် ပိုလီယိုရောဂါသည်များ စသဖြင့် အသက် ၂၁ နှစ်မှစတင် လှူဒါန်းထားသည်။ (SKY)

## အမေရိကန်၌ ရေပန်းစားနေသော ကီတိုစားသောက်နည်း ပုံစံနှစ်မျိုးကွဲပြားသဖြင့် လေ့လာနေရဆဲဟု ဆို




နေ့စဉ်စားသောက်ရာတွင် ကာဗိုဟိုက်ဒြိတ်(ခေါ်)ကစီဓာတ်ကို လျှော့နိုင်သလောက်လျှော့ပြီး အဆီများများစားကာ ကိုယ်တွင်းဇီဝဖြစ်စဉ်ကို ထိန်းညှိရာမှ နောက်ဆုံးတွင် အဝလွန်နေသော ကိုယ်ခန္ဓာကို အချိုးအစားပြေပြစ်သွယ်လျလာစေနိုင်ကြောင်းတွေ့ရှိပြီးနောက် ကီတိုစားသောက်နည်းကို အမေရိကန်ပြည်ထောင်စုတွင် အများစိတ်ဝင်စားလာခဲ့သည်။ ဤသို့ဖြင့် အမေရိကန်၌ရေပန်းစားလာသော ကီတိုစားသောက်နည်းတွင် ပုံစံနှစ်မျိုးကွဲပြားသဖြင့် လေ့လာနေရဆဲဖြစ်သည်ဟု စန်အန်တိုနီယိုမြို့ရှိ တက္ကဆက်တက္ကသိုလ် ကျန်းမာရေးသိပ္ပံဌာနမှ ဒေးဗစ်ဂီယပ်စ် ဦးဆောင်သော သုတေသီများက ရှင်းလင်းပြောပြသည်။

ကီတိုစားသောက်နည်းအတိုင်း နှစ်များစွာကြာသည်အထိ အလေ့အကျင့်ပြုလုပ်ပြီး စားနေသူများနှင့် အခြားစားသောက်နည်းနှင့်တွဲပြီး ကြားဖြတ်စားသုံးသူများကို အုပ်စုခွဲပြီး လေ့လာကြည့်ရာ ထူခြားချက်တစ်ရပ်ဖော်ထုတ်နိုင်ခဲ့သည်။

ယင်းထူးခြားချက်မှာ နှလုံးနှင့် ကျောက်ကပ်အပေါ် အကျိုးသက်ရောက်ပုံခြားနားနေခြင်းပင်ဖြစ်ကြောင်း သိရသည်။

(SCI)

## Kim Go Eun ကို Exhuma ဇာတ်ရုပ်နှင့် ဝါရင့်အနုပညာရှင်က ချီးကျူးထား

မှင်စာချစ်သူမင်းသမီး ကင်ဂိုအွန်းကို Exhuma ဇာတ်ရုပ်နှင့် ဝါရင့်အနုပညာရှင် လီဆူဂျေးက ချီးကျူးစကားကို CBS ရေဒီယိုအစီအစဉ်မှတစ်ဆင့် ပြောကြားခဲ့သည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါအစီအစဉ်တွင် ဝါရင့်အနုပညာရှင်မင်းသားကြီး လီဆူဂျေးကို သရုပ်ဆောင်တော်သော အနုပညာရှင်ကို ရွေးချယ်စေခဲ့ရာမှ မင်းသားကြီးက ချိုင်မင်ဆွတ်၊ လီမြောင်ဟွန်း၊ ဟွမ်ဂျောင်မင်၊ ဂျောင်ဝူဆောင်းတို့နှင့်အတူ ကင်ဂိုအွန်းကိုပါ ရွေးချယ်ပေးခဲ့သည်။




ကင်ဂိုအွန်းပါဝင်သည့် Exhuma ရုပ်ရှင်မှ ဇာတ်ရုပ်နှင့် ပတ်သက်၍ ပြီးပြည့်စုံမှုရှိပြီး အလွန်တော်သည်ဟုလည်း နာမည်တပ်၍ ချီးကျူးခံခဲ့ရသည်မှာ ကင်ဂိုအွန်းအတွက် ဂုဏ်ယူစရာဖြစ်ခဲ့သည်ဟု ပရိသတ်များ မှတ်ချက်ပေးထားကြသည်။ (SKY)

## Justin Bieber ကလေးအဖေဖြစ်ချင်ခဲ့

ကမ္ဘာကျော်အဆိုတော် ဂျက်စတင်ဘီဘာနှင့် ဇနီးသည် ဟာအီလေးကိုယ်ဝန်လွယ်ထားရပြီဖြစ်၍ သားဖြစ်စေ၊ သမီးဖြစ်စေ ကလေးအဖေဖြစ်ချင်ခဲ့သော ဂျက်စတင်ဘီဘာ ဆန္ဒပြည့်ခဲ့သည်ဟု ဟောလိဝုဒ်အတ်ဒိတ်တွင် ဖော်ပြသည်။

ဂျက်စတင်ဘီဘာတို့ ဇနီးမောင်နှံကလေးအတွက် စိတ်လှုပ်ရှားနေကာ ဂျက်စတင်ဘီဘာက ကလေးထိန်းရန်အသင့်ဖြစ်နေပြီး သမီးလေးလိုချင်သော်လည်း သားလေးရလျှင်လည်း ပျော်ရွှင်မိပါသည်ဟုဆိုကာ ကလေးနာမည်ကို ရွေးထားကြသည်။



ဇနီးမောင်နှံနှစ်ဦးမျှော်လင့်နေသောနေ့ရက်ကို ရောက်ရှိလာကြပြီး ဂျက်စတင်ဘီဘာကို ဖခင်ကောင်းဖြစ်မည်ဟု ဟာအီလေးကဆိုကာ ဂျစ်စတင်ဘီဘာကလည်း မိခင်ကောင်းဖြစ်မည်ကို သိသည်ဟု နှစ်ဦးသား မှတ်ချက်ပေးထားကြသည်။

ဂျစ်စတင်ဘီဘာက ဟာအီလေးကို ရွေးချယ်ခဲ့ခြင်းမှာ ကလေးချစ်တတ်သည့်အပြုအမူလည်း ပါဝင်ခဲ့ပြီး ကလေးတစ်ဦးကို ပြုစုယုယနေသည့် သူ၏အကြည့်များကို မြင်ခဲ့ပြီး အလွန်ထူးခြားသောအရာကိုမြင်လိုက်ရကာ သူလိုချင်သည်ထိ ဖြစ်ခဲ့ရသည်ဟု ဂျစ်စတင်ဘီဘာက ရင်ဖွင့်ပြောကြားထားသည်။

(SKY)

## Billy Chow ဟောင်ကောင် ကနေဒါ အက်ရှင်မင်းသားအဖြစ် ကျော်ကြားခဲ့

ဟောင်ကောင် ကနေဒါအက်ရှင်မင်းသားအဖြစ် ကျော်ကြားခဲ့သည့် ဘီလီချောင်မှာ အသက်(၆၅)နှစ်နှင့် ခန္ဓာကိုယ်တောင့်တင်းသန်မာနေဆဲဖြစ်သည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အက်ရှင်အကျော်အမော် ဂျက်ကီချန်း၊ ဂျက်လီ၊ ဒွန်နီယန်းတို့နှင့်တန်းတူ မကျော်ကြားခဲ့သော်လည်း သူ့အရည်အချင်းနှင့်သူ ရပ်တည်ခဲ့သည့် ဘီလီချောင်သည် ကစ်ဘောက်ဆာသမားဟောင်းလည်းဖြစ်ပြီး Fist of Legend, Tai Chi Boxer တို့တွင် ဗီလိန်ဇာတ်ရုပ်နှင့် ပါဝင်ထားသည်။

အသက်(၄၈)နှစ်မှစ၍ အနုပညာလောကမှ ပျောက်ကွယ်သွားပြီး အသက်(၆၅)နှစ်နှင့် သူ၏ခန္ဓာကိုယ်တောင့်တင်းသန်မာမှုကို လူမှုကွန်ရက်တွင် ပြသထား၍ ပရိသတ်ချီးကျူးထားကြသည်။ (SKY)



## The Roundup:Punishment ရုပ်ရှင်ဇာတ်ကားမိတ်ဆက်ပွဲ အစီအစဉ်ဖျက်သိမ်းခဲ့ရ

အက်ရှင်သရုပ်ဆောင် မာဒုံဆော့ ပါဝင်ထားသော The Roundup:Punishment ရုပ်ရှင်ဇာတ်ကားမိတ်ဆက်ပွဲ အစီအစဉ်ဖျက်သိမ်းခဲ့ရသည့်အကြောင်းရင်းကို တာဝန်ရှိသူတစ်ဦးက ပြောကြားထားသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဆိုးလ်မြို့တွင် ပြုလုပ်ခဲ့သည့် အဆိုပါရုပ်ရှင်ဇာတ်ကား မိတ်ဆက်ပွဲအစီအစဉ် ဖျက်သိမ်းခဲ့ရခြင်းမှာ ရုပ်ရှင်သရုပ်ဆောင်များ ဓာတ်လှေကားထဲ ပိတ်မိနေ၍ မိတ်ဆက်ပွဲမလာနိုင်သဖြင့် ရုပ်ရှင်တာဝန်ရှိသူတစ်ဦးက ဖျက်သိမ်းကြောင်းကြေညာသည့် ဗီဒီယို တင်ပေးခဲ့သည်။




ရုပ်ရှင်ပွဲလာပရိသတ်များကို ပြန်ပေးဆပ်သည့်အနေနှင့် ဩဂုတ်လထိ အကျုံးဝင်သည့် 2D ရုပ်ရှင်လက်မှတ်တစ်စောင်စီ ပေးခဲ့သော်လည်း မကျေနပ်ခဲ့ကြဘဲ ရုပ်ရှင်သရုပ်ဆောင်များကိုသာ မြင်တွေ့လို၍ စောင့်ဆိုင်းနေခဲ့ကြသည်။

ရုပ်ရှင်သရုပ်ဆောင်များ ထိခိုက်မှုမရှိဘဲ ဓာတ်လှေကားမှ ထွက်လာနိုင်ခဲ့ကြပြီး အခြားရုပ်ရှင်ရုံမှ မိတ်ဆက်ပွဲကို တက်ရောက်ခဲ့ကြရာ မာဒိုဆော့ပရိသတ်များက တစ်ခဲနက်အားပေးထားကြသည်။

(SKY)

# အမေရိကန်သမ္မတဟောင်း ဒေါ်နယ်လ်ထရမ့် နှုတ်ပိတ်ခပေးမှု ပြစ်မှုထင်ရှားစီရင်ခြင်းခံရ

**ဝါရှင်တန် မေ ၃၁**



အမေရိကန်ပြည်ထောင်စု နယူးယောက်တရားရုံးက ရက်သတ္တ ၇ ပတ်ကြာ စစ်ဆေးကြားနာခဲ့ပြီးနောက် မေ ၃၀ ရက်တွင် စီရင်ချက်ချလိုက်ကြောင်း အယ်လ်ဂျာဇီးရာသတင်းဌာနက ဖော်ပြသည်။

အဆိုပါတရားရုံးက မျက်မြင်သက်သေ ၂၀ ဦးကျော်တို့၏ ထွက်ဆိုချက်များရယူပြီးနောက် အမှုသွားအမှုလာအရ ဒေါ်နယ်လ် ထရမ့်တွင် ရာဇဝတ်ကြောင်းအရ စွဲဆိုထားသော စွဲချက် ၃၄ ချက်၌ အပြစ်ရှိကြောင်း စီရင်ချက်ချခဲ့ သည်။

၎င်းသည် ၂၀၁၆ ခုနှစ် အမေရိကန်သမ္မတရွေးကောက်ပွဲ ၌ ဝင်ရောက်နှောင့်ယှက်မည်စိုး သဖြင့် ယခင်က နီးနွယ်ပတ် သက်ခဲ့ဖူးသော အပြာဇာတ်ကား မင်းသမီး စတော်မီဒါနီယဲလ်စ်ကို နှုတ်ပိတ်ခပေးခဲ့မိရာမှ စွဲချက် ပေါင်းများစွာတင်ခံခဲ့ရခြင်းဖြစ် သည်။

ဒါကြိုတင်ကြံစည်ထားတဲ့ အသရေဖျက်မှုကြီးပါ။ နိုဝင်ဘာ ၅ ရက်မှာ ပြည်သူလူထုက အစစ်အမှန်စီရင်ပါလိမ့်မယ်။ ဒီမှာ ဘာဖြစ်ခဲ့တယ်ဆိုတာ သူတို့သိပါတယ်ဟု ဒေါ်နယ်လ်ထရမ့်က တရားရုံးမှအထွက်တွင် သတင်း ထောက်များကို ထုတ်ဖော်ပြော ကြားခဲ့ကြောင်း သိရသည်။**Mon**

## INTERNATIONAL NEWS
## နိုင်ငံတကာသတင်းများ



စင်ကာပူနိုင်ငံ ရှန်ဂရီလာဟိုတယ်၌ မေ ၃၁ ရက်က တွေ့ဆုံဆွေးနွေးပြီးနောက် အပြင်သို့ထွက်လာသော အမေရိကန်ကာကွယ်ရေးဝန်ကြီး လွိုက်အော်စတင်နှင့် တရုတ်ကာကွယ်ရေးဝန်ကြီး ဒုန်ဂျွန်းတို့ နှစ်ဦးကို တွေ့ရစဉ်။ **Mon**



# ဂါဇာမြောက်ပိုင်း ဂျာဘာလီယာမြို့စစ်ဆင်ရေး အောင်မြင်စွာပြီးဆုံးကြောင်း အစ္စရေးကြေညာ

**ဂျေရုဆလင် မေ ၃၁**

ဂါဇာကမ်းမြောင်ဒေသ မြောက်ပိုင်းရှိ ဂျာဘာလီယာမြို့တွင် ၃ ပတ်ကြာ ပြုလုပ်ခဲ့သည့် စစ်ဆင်ရေး အောင်မြင်စွာပြီးဆုံးကြောင်း အစ္စရေးစစ်တပ်က မေ ၃၀ ရက်တွင် ထုတ်ပြန်ကြေညာသည်။

မိမိတို့အနေဖြင့် အကြမ်းဖက်သမားများကို ရာနှင့်ချီ၍ သုတ်သင်ကာ ဟားမတ်စ်တို့၏ မြေအောက်လိုဏ်ခေါင်းများကို ၆ မိုင်ခန့်အထိ ဖျက်ဆီးပစ်နိုင်ခဲ့ကြောင်း အစ္စရေးတို့၏ ကြေညာချက်တွင် ဖော်ပြသည်။

ကနဦး စစ်ဆင်ရေးပြီးဆုံးသဖြင့် အစ္စရေးတပ်ဖွဲ့များ ဆုတ်ခွာသွားချိန်တွင် ဟားမတ်စ်တို့ နောက်တစ်ကြိမ် ထိုမြို့ထဲသို့ ပြန်ဝင်လာရာမှ ဒုတိယစစ်ဆင်ရေး ဆင်နွှဲခဲ့ရခြင်းဖြစ်ကြောင်း အစ္စရေး စစ်ဘက်ပြောခွင့်ရသူက ဆိုသည်။ **Mon**

0-0-0-0-0

# အိန္ဒိယနိုင်ငံမြောက်ပိုင်းနှင့် အလယ်ပိုင်းတွင် အပူလှိုင်းကြောင့် လူ ၁၅ ဦးထက်မနည်း သေဆုံး

**ဒေလီ မေ ၃၁**

အိန္ဒိယနိုင်ငံမြောက်ပိုင်းနှင့် အလယ်ပိုင်းတွင် မေ ၃၀ ရက်က အပူလှိုင်းကြောင့် ၂၄ နာရီအတွင်း လူ ၁၅ ဦးထက်မနည်း သေဆုံးခဲ့ရကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ဘီဟာ၊ ရာဂျတ်စထန်၊ ဂျာခန်းနှင့် ဒေလီ စသော ဒေသအသီးသီးတွင် ၅၀ ဒီဂရီဆဲလ်ဆီးယပ်စ်အထိ မြင့်တက်လာသော အပူဒဏ်ကို မခံနိုင်သဖြင့် ထိုသို့ အသက်ဆုံးရှုံးခဲ့ကြခြင်းဖြစ်သည်။

ဒေလီမြို့တော်ဆေးရုံတွင် အပူဒဏ်သင့်လူနာ ၄၀ ဦးကျော် ဆေးကုသမှုခံယူနေကြောင်း သိရသည်။

**Mon**



# ဥပဒေနှင့်မညီသော နိုင်ငံခြားစီးပွားရေးကွန်ရက်ကို ထိုင်းရဲတပ်ဖွဲ့ဖြိုခွင်း လူပေါင်း ၁၀၀ ကျော် အဖမ်းခံရ

**ဘန်ကောက် မေ ၃၁**

ဥပဒေနှင့်မညီသော နိုင်ငံခြားစီးပွားရေးကွန်ရက်ကို ထိုင်းရဲတပ်ဖွဲ့က စုံစမ်းဖော်ထုတ် ဖြိုခွင်းလိုက်ရာ လူပေါင်း ၁၀၀ ကျော်ကို ဖမ်းဆီးခဲ့သည်ဟု မေ၃၁ ရက်တွင် သက်ဆိုင်ရာက အတည်ပြုလိုက်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ရှခင်းလှပပြီး ရာသီဥတုမျှတသဖြင့် ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များ လာရောက်လည်ပတ်လေ့ရှိသော ထိုင်းနိုင်ငံတောင်ပိုင်း ဖူးခက်ပြည်နယ်အတွင်းရှိ ဥပဒေနှင့်မညီသော အဆိုပါ နိုင်ငံခြားစီးပွားရေးလုပ်ငန်းများကွန်ရက်ကို ဖြိုခွင်းခဲ့ခြင်းဖြစ်သည်ဟု ထိုင်းရဲတပ်ဖွဲ့ စီးပွားရေးမှုခင်း တိုက်ဖျက်ရေးဌာနကြီးမှူး ပွတ်တီဒက်ဂျိဘန့်ကရူပျူးက ရှင်းလင်းပြောကြားသည်။

ရုရှားနိုင်ငံသား ၆၈ ဦး အပါအဝင် နိုင်ငံခြားသားစီးပွားရေး လုပ်ငန်းရှင်ပေါင်း ၉၈ ဦးနှင့် ၎င်းတို့နှင့် ဆက်နွှယ်ပတ်သက်သော ထိုင်းနိုင်ငံသား ၃၇ ဦးတို့ကို ဖမ်းဆီးခဲ့ကြောင်း ထိုင်းရဲတပ်ဖွဲ့က သတင်းထုတ်ပြန်သည်။

အဖမ်းခံရသူများအနေဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထောင်ဒဏ် ၃ နှစ်နှင့် ငွေဒဏ် အမေရိကန်ဒေါ်လာ ၂၇၀၀၀ နှင့်ညီမျှသော ထိုင်းဘတ်ငွေ ၁သန်း ချမှတ်ခံရမည်ဖြစ်ကြောင်း သိရသည်။

**Mon**






# ဇနီးဟောင်းအား ဝမ် ၁ ဒသမ ၃၈ ထရီလီယံပေးရန် တောင်ကိုရီးယား လုပ်ငန်းရှင် ချေတေဝမ်ကို အမိန့်ချ

**ဆိုးလ် မေ ၃၁**

ဇနီးဟောင်း ရိုဆိုယန်းအား ဝမ် ၁ ဒသမ ၃၈ ထရီလီယံ ပေးရန် တောင်ကိုရီးယား လုပ်ငန်းရှင်ချေတေဝမ်ကို ဆိုးလ် တရားလွှတ်တော်က မေ ၃၀ ရက်တွင် အမိန့်ချမှတ်လိုက်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

၂၀၂၂ ခုနှစ်တွင် အောက်ရုံးက တရားပြိုင် ချေတေဝမ်ကို ဇနီးဟောင်းအား ဝမ် ၆၆ ဒသမ ၅ ဘီလီယံပေးစေရမည်ဟု အမိန့်ချခဲ့ဖူးသည်။

တရားလွှတ်တော်က ချမှတ်လိုက်သော ပေးရမည့်ငွေပမာဏသည် ထိုထက်ပိုများလာသဖြင့် ချေက လျှောက်လဲချက်တင်မည်ဟု ဆိုသည်။

အက်စ်ကေကုမ္ပဏီလုပ်ငန်း အုပ်စုဥက္ကဋ္ဌဖြစ်သူ ချေတေဝမ်သည် ဇနီးဟောင်း ရိုဆိုယန်းနှင့် သား၊ သမီး သုံးဦးထွန်းကားခဲ့ပြီး အိမ်ထောင်ရေးဖောက်ပြန်သဖြင့် ဇနီးက ကွာရှင်းခွင့်အတွက် တရားစွဲဆိုခဲ့ခြင်း ဖြစ်သည်။

ရိုဆိုယန်းသည် တောင်ကိုရီးယားသမ္မတဟောင်း ရိုတေဝူး၏ သမီးဖြစ်ရာ ၎င်းကိုအကြောင်းပြု၍ ချေတေဝမ်၏ စီးပွားရေးလုပ်ငန်းများ ကြီးထွားလာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **Mon**

# ပါကစ္စတန်နိုင်ငံတောင်ပိုင်း ဆင်းဒ်ပြည်နယ်တွင် အပူချိန် ၅၂ ဒီဂရီဆဲလ်ဆီးယပ်စ်သို့ မြင့်တက်လာ

**အစ္စလာမ္မာဘတ် မေ ၃၁**

ပါကစ္စတန်နိုင်ငံ တောင်ပိုင်း ဆင်းဒ်ပြည်နယ်တွင် မေလနှောင်းပိုင်း၌ ရာသီဥတုအပူချိန် ၅၂ ဒီဂရီဆဲလ်ဆီးယပ်စ်သို့ မြင့်တက်လာကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

တောင်အာရှအပူလှိုင်းဒဏ်ကြောင့် ပါကစ္စတန်တစ်နိုင်ငံလုံးတွင် အပူလွန်ကဲမှုကို ခံစားနေရသဖြင့် အစိုးရက ပြည်သူလူထုကို ကာကွယ်စောင့်ရှောက်ရန် ကြိုတင်သတိပေးချက်များ ထုတ်ပြန်သကဲ့သို့ ဆေးရုံများနှင့် ကျန်းမာရေးဌာနများကိုလည်း အပူဒဏ်ကုသရေးအတွက် ကြိုတင်ပြင်ဆင်ထားရန် နှိုးဆော်ထားသည်။

အထူးသဖြင့် ယခင်အပတ်က ဆင်းဒ်ပြည်နယ်အတွင်း အပူချိန်များစွာလွန်ကဲခဲ့ရာ ဒေသခံစေတနာ့ဝန်ထမ်းများက နေ့ပိုင်းတွင် စားဝတ်နေရေးအတွက် မဖြစ်မနေအလုပ်ဆင်းရသော အလုပ်သမားများအတွက် ရေခဲရေ လိုက်လံဝေငှပေးခဲ့ကြသည်။

မတ်၊ ဧပြီနှင့် မေလများတွင် ပါကစ္စတန်နိုင်ငံတစ်ဝန်းနှစ်စဉ်ပူပြင်းလေ့ရှိသော်လည်း ယခုနှစ်တွင် ဇွန်လနှောင်းပိုင်းအထိ အပူလွန်ကဲမည်ဟု မိုးလေဝသပညာရှင်များတွက်ချက်ခန့်မှန်းထားကြကြောင်း သိရသည်။

**Mon**

0-0-0-0-0



## မီးဘေးလုံခြုံရေးအသိပညာပေးဟောပြော၊ မီးငြိမ်းသတ်ခြင်း လက်တွေ့သရုပ်ပြသ

**နမ့်စန် မေ ၃၁**

ရှမ်းပြည်နယ်တောင်ပိုင်း၊ နမ့်စန်မြို့နယ်တွင် မြို့နယ်မီးသတ်ဦးစီးဌာနက ဆောင်ရွက်သော မီးဘေးလုံခြုံရေးအသိပညာပေးဟောပြောပွဲနှင့် မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြသခြင်းကို မေ ၂၉ ရက် နံနက် ၈ နာရီခွဲက ဝမ်ပိန်းကျေးရွာအုပ်စု၊ ပန်လင်းဆိုင်ကျေးရွာရှိ မတ်ကျန်းဌာနေ ပြည်သူ့စစ်အဖွဲ့ ပြည်သူ့ဆက်ဆံရေးရုံးတွင် ဆောင်ရွက်ခဲ့ရာ ပြည်သူ့စစ်အဖွဲ့မှ စိုင်းအောင်မှိုင်း၊ ဝမ်ပိန်းကျေးရွာအုပ်စု မီးဘေးကြိုတင် ကာကွယ်ရေးအဖွဲ့ဝင် ဦးလုံးသန်းနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနေပြည်သူ့စစ်အဖွဲ့များ တက်ရောက်ခဲ့သည်။

ရှေးဦးစွာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမျိုးမြင့်အောင်က မီးဘေးအန္တရာယ်ကြီးမားပုံ၊ မီးလောင်မှုဖြစ်ပွားစေသည့်အကြောင်းအရင်းများ၊ မီးသတ်ဆေးဘူးအသုံးပြုနည်းနှင့် မီးဘေးအန္တရာယ်ကျရောက်လာပါက လက်တွေ့မီးငြိမ်းသတ်တတ်စေရန်တို့ကို အသိပညာပေး ဟောပြောခဲ့သည်။

ထို့နောက် မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းများက မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်ခြင်းနှင့် မီးသတ်ယာဉ်ရေပိုက်ဖြင့် မီးငြိမ်းသတ်ခြင်းတို့ကို လက်တွေ့သရုပ်ပြသခဲ့ပြီး တက်ရောက်လာကြသူများက ကိုယ်တိုင်လက်တွေ့ ပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

၀-၀-၀-၀-၀-၀

## ချမ်းအေးသာစံမြို့နယ်နှင့် ချမ်းမြသာစည်မြို့နယ်တို့တွင် မီးလောင်မှုများဖြစ်ပွား



**မန္တလေး မေ ၃၁**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ ၄၉ လမ်းနှင့် လမ်း ၅၀ ကြား၊ ၁၁၁ လမ်းထောင့်တွင် မေ ၃၁ ရက် နံနက် ၈ နာရီ ၄၃ မိနစ်က မီးလောင်မှု ဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် မန္တလေးခရိုင်မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ် ၃ စီး၊ ချမ်းမြသာစည်မီးသတ်စခန်းမှ မီးသတ်ယာဉ်တစ်စီးနှင့် ထွန်းတုံးရပ်ကွက်အရန်မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်တစ်စီးတို့ ထွက်ခွာငြိမ်းသတ်ခဲ့ရာ နံနက် ၉ နာရီ ၁၅ မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။

အလားတူ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအရှေ့ရပ်ကွက်၊ ၈၁ လမ်းနှင့် ၈၂ လမ်းကြား၊ ၃၂ လမ်းနှင့် ၃၃ လမ်းကြား၊ အကွက် ၅၆၈ ဂိုထောင်ဝင်းအတွင်းရှိ ကုန်ပစ္စည်းများ သိုလှောင်ရုံတွင် မေ ၃၁ ရက် နံနက် ၉ နာရီ မိနစ် ၄၀ က မီးလောင်မှုဖြစ်ပွားရာ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်း ဦးစီး၍ မန္တလေးခရိုင်မီးသတ် Level-2 ယာဉ်အုပ်စု ထွက်ခွာ၍ မီးငြိမ်းသတ်ခဲ့ကြသည်။

မီးလောင်မှုတွင် မီးငြိမ်းသတ်ယာဉ်၃၅ စီး၊ ရေသယ်ယာဉ် ၁၅ စီး၊ အုပ်ချုပ်မှုယာဉ် ၃စီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၇၅ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၃၀ ဦးတို့ဖြင့် ရဲဝံ့စွန့်စားစွာ ငြိမ်းသတ်ခဲ့ရာ နံနက် ၁၀နာရီခွဲတွင် မီးငြိမ်းသွားခဲ့သည်။

မီးလောင်မှုကြောင့် အလုပ်သမားအချို့မီးဟပ်လောင်ဒဏ်ရာရရှိခဲ့သဖြင့် လူမှုကူညီရေးယာဉ်ဖြင့် မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးသို့ ပို့ဆောင်ကူညီပေးခဲ့သည်။

(အပေါ်ပုံ)

(၀၄၅)

၀-၀-၀-၀-၀-၀

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ




## ခရီးသည်တင်ယာဉ်နှင့် (၂၂)ဘီးတွဲယာဉ် တိုက်မိ

**မိုးကောင်း မေ ၃၁**

ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ် ပင်းဘောကျေးရွာအုပ်စုတွင် မေ ၂၈ရက် ညပိုင်းက ခရီးသည်တင်ယာဉ်ငယ်နှင့် (၂၂)ဘီးတွဲကားတို့ မျက်နှာချင်းဆိုင်တိုက်မိမှုဖြစ်ပွားကာ ယာဉ်မောင်းနှင့် ခရီးသည်တို့ ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း သက်ဆိုင်ရာမှ သိရသည်။

ဖြစ်စဉ်မှာ မေ ၂၈ ရက် ညနေ ၆ နာရီတွင် ပြည်ထောင်စုလမ်းမကြီးအတိုင်း မိုးညှင်းမြို့ဘက်မှ မိုးကောင်းမြို့ဘက်သို့ မြင့်ကျော် (၅၅)နှစ် မောင်းနှင်ပြီး ခရီးသည် ဒေါ်သင်းသင်းမွန်နှင့် ဒေါ်သန်းသန်းဝင်းတို့ နောက်ထိုင်လိုက်ပါလာသည့် MDY-8 GG----- နံပါတ်ပါ ADVAN အမျိုးအစားအဖြူရောင်မော်တော်ယာဉ်နှင့် မျက်နှာချင်းဆိုင်ဘက်မှ မင်းထွန်းဦး(ခ)ကိုမင်း(၃၅)နှစ် မောင်းနှင်လာသည့် SHN-27 7K--- နံပါတ်ပါ CHEN GLONG တံဆိပ်ပါအဖြူရောင် (၂၂)ဘီးတွဲ မော်တော်ယာဉ်တို့သည် မိုးကောင်းမြို့နယ်၊ ပင်လုံကျေးရွာ၊ မိုင်တိုင်အမှတ် (၃၇၂/၃၇၃)ကြားလမ်းကွေ့အရောက်၌ အရှိန်မထိန်းနိုင်ဘဲ မျက်နှာချင်းဆိုင်ဝင်ရောက်တိုက်မိခဲ့ပြီး ADVAN အမျိုးအစား မော်တော်ယာဉ်မှာ လမ်းဝဲဘက်ခြမ်းသို့ တိမ်းမှောက်သွားခဲ့သဖြင့် ဒဏ်ရာများ ရရှိခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

ဖြစ်စဉ်ကြောင့် ယာဉ်မဆင်မခြင်မောင်းနှင်သူများဖြစ်သည့် မြင့်ကျော်(၅၅)နှစ်နှင့် မင်းထွန်းဦး(ခ)ကိုမင်း(၃၅)နှစ်တို့နှစ်ဦးအား ပင်းဘောနယ်မြေရဲတပ်ဖွဲ့စခန်းမှ အမှုဖွင့်လှစ်အရေးယူထားကြောင်း သိရသည်။

ရဲရင့်အောင်(ကချင်မြေ)၊

## တရားမဝင်စက်သုံးဆီများ၊ စားသောက်ကုန်ပစ္စည်းများ လုပ်ငန်းသုံးပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၃၁**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မေ ၂၅ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန်လိုင်စင်တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် Carbon Stick ၁၈၀၀ ကီလိုဂရမ်အပါအဝင် ကုန်ပစ္စည်းနှစ်မျိုးကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မေ ၂၉ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရွှေကျင်စစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားမဝင်စက်သုံးဆီပရီမီယမ်ဒီဇယ်ဆီ ဂါလန် ၂၇၆၀ နှင့် အဆိုပါစက်သုံးဆီများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီးကို ဖမ်းဆီးရမိခဲ့ပြီး ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မေ ၂၉ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့၊ ရတနာပုံတံတား (ပူးပေါင်း) စစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Hijet မော်တော်ယာဉ်တစ်စီးနှင့် ကံတလူပူးပေါင်းစစ်ဆေးရေးဂိတ်၌ Subaru Samber မော်တော်ယာဉ်တစ်စီးကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

## လမ်းလျှောက်လာသည့် အမျိုးသမီးထံမှ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**မြစ်ကြီးနား မေ ၃၁**

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့တွင် မေ ၂၆ ရက်က မြစ်ကြီးနားမြို့ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု(၂)မှ တပ်ဖွဲ့ဝင်များ၏ သတင်းရယူဖော်ထုတ်မှုဖြင့် လမ်းလျှောက်လာသည့် အမျိုးသမီးတစ်ဦးအား မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သက်ဆိုင်ရာမှ သိရသည်။

ဖြစ်စဉ်မှာ မေ ၂၆ ရက် ညနေ ၅နာရီက မြစ်ကြီးနားမြို့ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု(၂)မှ ဒုရဲအုပ် ဘိုဘိုဟန်ဦးဆောင်သည့် တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ မူးယစ်ဆေးဝါးသတင်းအရ မြစ်ကြီးနားမြို့၊ တပ်ကုန်းရပ်ကွက်၊ ထွယ်ဆန်နယ်မြေ၊ ရွှေလမ်းမကြီးပေါ်ရှိ ယာဉ်အပိုပစ္စည်းအရောင်းဆိုင်အနီး စောင့်ဆိုင်းနေစဉ် ၄င်းလမ်းအတိုင်း မြောက်မှတောင်သို့ လမ်းလျှောက်လာသူ မဂျာပေါန်အိန်(၂၂)နှစ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ၄င်းဝတ်ဆင်ထားသည့် အမျိုးသမီးဝတ် အနက်ရောင်အားကစားဘောင်းဘီတို ဝဲဘက်အိတ်ကတ်အတွင်းမှ အကြည်ရောင်ပလတ်စတစ်ကပ်ခွာအိတ်ဖြင့် ထည့်လျက် စိတ်ပြောင်းဆေးဝါး Ketamine အဖြူရောင်အမှုန့်အလေးချိန် (၁၅)ဂရမ်ခန့်ပါ (၁)ထုပ်နှင့် မူးယစ်ဆေးဝါးရောင်းဝယ်ရာတွင် အသုံးပြုသည့် လက်ကိုင်ဖုန်းတစ်လုံးအား တွေ့ရှိဖမ်းဆီး ရမိခဲ့သည်။

ဖြစ်စဉ်ကြောင့် မူးယစ်ဆေးဝါးနှင့် လက်ဝယ်တွေ့ရှိသူ မဂျာပေါန်အိန်(၂၂)နှစ်အား မြစ်ကြီးနားမြို့ ပလနနယ်မြေရဲတပ်ဖွဲ့စခန်းမှ အမှုဖွင့်လှစ်အရေးယူထားကြောင်း သိရသည်။

(၄၄၄)

၀-၀-၀-၀-၀-၀

# ဘေးအန္တရာယ်ကင်းစွာ မော်တော်ဆိုင်ကယ်စီးကြပါ

မော်တော်ဆိုင်ကယ်များသည် မော်တော်ယာဉ်ထက် ကုန်ကျစရိတ် အလွန်နည်းပါးခြင်း၊ လောင်စာဆီ အကုန်အကျသက်သာပြီး သွားရေးလာရေး လွယ်ကူခြင်း၊ မော်တော်ယာဉ်များကဲ့သို့ ညစ်ညမ်းသည့် ဓာတ်ငွေ့များ မထုတ်လွှတ်သဖြင့် ပတ်ဝန်းကျင်ထိခိုက်မှု နည်းပါးခြင်း၊ မြို့ကြီးများတွင် ယာဉ်ကြောပိတ်ဆို့မှုမှ ရှောင်ကွင်းနိုင်ခြင်းတို့ကြောင့် မော်တော်ဆိုင်ကယ်ကို ကမ္ဘာတစ်ဝန်း၌ သုံးစွဲမှု ကျယ်ပြန့်လျက်ရှိသည်။ ကမ္ဘာပေါ်ရှိ မော်တော်ဆိုင်ကယ်အားလုံး၏ ၅၈ ရာခိုင်နှုန်းသည် အာရှပစိဖိတ်ဒေသ၊ အာရှတောင်ပိုင်းနှင့် အာရှအရှေ့ကဲ့သို့သော အခြားဒေသများတွင် ဖြစ်သည်။ ယင်းဒေသများသည် ကမ္ဘာပေါ်၌ မော်တော်ဆိုင်ကယ် အသုံးပြုမှု အများဆုံးနိုင်ငံများဖြစ်ကြသည်။

မန္တလေးသည် ရှေးယခင်ကကဲ့သို့ စက်ဘီးမြို့တော် မဟုတ်တော့ဘဲ ဆိုင်ကယ်မြို့တော်၊ ကားမြို့တော်ကြီးအဖြစ် မျက်ဝါးထင်ထင် တွေ့မြင်ကြရပါမည်။ မြို့ကြီး၏ အင်္ဂါရပ်နှင့်အညီ အသုံးပြုသည့် စက်တပ်ယာဉ်များ ပြောင်းလဲသွားခြင်းသည် သဘာဝကြပါသည်။ သို့သော် လူတချို့က မော်တော်ဆိုင်ကယ်မောင်းနှင်သူများအတွက် ထုတ်ပြန်ထားသော စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန် အားနည်းနေကြသေးသည့်အတွက် စိုးရိမ်မကင်း ဖြစ်မိပါသည်။ သို့ပါ၍ စာရေးသူက ဘေးအန္တရာယ်ကင်းစွာ မော်တော်ဆိုင်ကယ်စီးနည်းအကြောင်းကို အကြံပြုရေးသားလိုပါသည်။

**ဆိုင်ကယ်စီးစဉ် သတိနှင့်ယှဉ်**

ကမ္ဘာတစ်ဝန်း၌ မော်တော်ဆိုင်ကယ်မတော်တဆဖြစ်မှုကြောင့် သေကြေ၊ ဒဏ်ရာရ၊ ဆုံးရှုံးပျက်စီးမှုများမှာ တစ်နေ့ထက်တစ်နေ့ မြင့်တက်နေဆဲဖြစ်သည်။ စစ်တမ်းများအရ ကမ္ဘာတစ်လွှားရှိ လမ်းများပေါ်၌ သွားလာနေသည့် ဆိုင်ကယ်အစီးရေ သန်း ၇၇၀ ခန့်ရှိပြီး၊ ယာဉ်မတော်တဆမှုကြောင့် သေဆုံးရမှုမှာ နှစ်စဉ် ခန့်မှန်းခြေ လူ ၁ ဒသမ ၃၅ သန်းရှိကာ၊ သန်း ၅၀ ကျော်မှာ ထိခိုက်ဒဏ်ရာရသူ သို့မဟုတ် မသန်စွမ်းသူများ ဘဝသို့ ရောက်ရှိနေသည်။ အထူးသဖြင့် အသက် (၂၅)နှစ်မှ (၂၉)နှစ်ကြား အရွယ်သည် ဆိုင်ကယ်မတော်တဆမှုကြောင့် သေဆုံးသူ ဦးရေ အများဆုံး အသက်အုပ်စု ဖြစ်သည်။

ယမန်နှစ် မတ်လထုတ် ဗန်ကောက်ပို့စ် သတင်းစာ၏ ဖော်ပြချက်အရ အိမ်နီးချင်း ထိုင်းနိုင်ငံ တစ်ခုတည်းမှာပင်လျှင် လမ်းများပေါ်၌ သေဆုံးသူအားလုံး၏ ၇၄ ရာခိုင်နှုန်းသည် မော်တော်ဆိုင်ကယ်စီးနင်းသူများကြောင့် ဖြစ်ကြောင်းနှင့် လမ်းများပေါ်၌ နှစ်စဉ်သေဆုံးနေရသူ အရေအတွက် ၂၀၀၀၀ တွင် ပျမ်းမျှ ၁၅၀၀၀ သည် ဆိုင်ကယ်စီးနင်းသူများဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင်လည်း နိုင်ငံတစ်ဝန်း၌ မော်တော်ယာဉ်နှင့် ဆိုင်ကယ်တိုက်မှု၊ ဆိုင်ကယ်အချင်းချင်းတိုက်မှု၊ ဆိုင်ကယ်က လမ်းသွားလမ်းလာများအားတိုက်မှု စသည်ဖြင့် ဆိုင်ကယ်မတော်တဆဖြစ်မှုများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်လျက်ရှိသည်။ သက်ဆိုင်ရာက လမ်းအန္တရာယ်ကင်းရှင်းရေးကို မြှင့်တင်နိုင်ရန် ကြိုးပမ်းနေသော်လည်း ဆိုင်ကယ်မတော်တဆဖြစ်စဉ်ကြောင့်



သေဆုံးမှုအရေအတွက်ကို မလျှော့ချနိုင်သေးပေ။ ယာဉ်တိုက်မှုဖြစ်စဉ်များ၏ ထက်ဝက်ခန့်သည် မော်တော်ဆိုင်ကယ်ကြောင့် ဖြစ်ပွားလျက်ရှိသည်။ တရားဝင်ထုတ်ပြန်ချက်များအရ ၂၀၁၈ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သည့် မော်တော်ဆိုင်ကယ် မတော်တဆနှုန်းသည် လမ်းပေါ်ဖြစ်ပွားမှုအားလုံး၏ ၄၉ ရာခိုင်နှုန်းရှိသည်။ လူပေါင်း ၂၃၀၀ကျော် သေဆုံးကာ ၁၃၀၀၀ နီးပါး ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။

**မော်တော်ဆိုင်ကယ်မောင်းနှင်သူများအတွက် စည်းကမ်းချက်**

ကုန်လမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ မော်တော်ဆိုင်ကယ်မောင်းနှင်သူများ လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၃၂၁) ကို ထုတ်ပြန်ထားပြီး စည်းကမ်းချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(က) မှတ်ပုံတင်ထားသော မော်တော်ဆိုင်ကယ်ကိုသာ မောင်းနှင်ရမည်။

(ခ) သတ်မှတ်ယာဉ်မောင်းလိုင်စင်ပါရှိရမည်။

(ဂ) မော်တော်ဆိုင်ကယ်၏ လက်ကိုင်ကို လက်နှစ်ဖက်ဖြင့်ကိုင်၍ မောင်းနှင်ရမည်။

(ဃ) မော်တော်ဆိုင်ကယ်မောင်းနှင်သူ၏ နောက်တွင် လူစီးထိုင်ခုံမပါလျှင် လူပို မတင်ရ။ လူစီးထိုင်ခုံပါရှိလျှင် တစ်ဦးထက် ပိုမထိုင်ရ။ နောက်ထိုင်ခုံတွင် လိုက်ပါသူသည် မော်တော်ဆိုင်ကယ်ကို ခွစီး၍ ရှေ့သို့ မျက်နှာမူလျက် ခြေထောက်ကို မော်တော်ဆိုင်ကယ်၏ တစ်ဖက်တစ်ချက်ရှိ ခြေနင်းခုံပေါ်တွင် တင်၍ စီးရမည်။ ခြေနင်းပေါ်တွင် ခြေတင်စီးရန် မမီသူကို တင်၍မစီးရ။ မော်တော်ဆိုင်ကယ်စီးသူ၏ရှေ့တွင် မည်သူ့ကိုမျှမတင်ရ။

(င) မော်တော်ဆိုင်ကယ်၏နောက်တွင် ပစ္စည်းများတင်ပါက ထိုပစ္စည်းသည် နောက်ထိုင်ခုံ၏ ဘေးတစ်ဖက်တစ်ချက်မှ ခြောက်လက်မ (၁၅ စင်တီမီတာ)ထက်ပို၍လည်းကောင်း၊ မော်တော်ဆိုင်ကယ်၏ နောက်ဘီးတာယာအစွန်းမှ တစ်ပေ (၃၁ စင်တီမီတာ) ထက်ပို၍လည်းကောင်း၊ အစွန်းထွက်ခြင်း မရှိစေရ။ ထိုပစ္စည်း၏အမြင့်သည် မော်တော်ဆိုင်ကယ်မောင်းနှင်သူ၏ ပခုံးထက် မမြင့်စေရ။ တင်ဆောင်သောပစ္စည်းအလေးချိန်သည် မော်တော်ဆိုင်ကယ်မောင်းနှင်သူက မော်တော်ဆိုင်ကယ်ကို မထိန်းသိမ်းနိုင်လောက်အောင် မလေးစေရ။ အန္တရာယ်ဖြစ်စေနိုင်သည့် ပစ္စည်းများကို မတင်ရ။

(စ) မော်တော်ဆိုင်ကယ်မောင်းနှင်သူ၏ ရှေ့တွင် မြင်ကွင်းကွယ်နိုင်သည့် မည်သည့်ပစ္စည်းကိုမျှ မတင်ရ။

(ဆ) လမ်းပေါ်တွင် ဖြောင့်တန်းစွာ မောင်းနှင်ရမည်။ အခြားမော်တော်ဆိုင်ကယ်၊ မော်တော်ယာဉ်များနှင့် ပြိုင်မမောင်းရ။ အုပ်စုဖွဲ့မမောင်းရ။ အခြားယာဉ်မောင်းနှင်သူများ အနှောင့်အယှက်ဖြစ်စေလောက်အောင် မမောင်းရ။

(ဇ) မော်တော်ဆိုင်ကယ်မောင်းနှင်သူနှင့် လိုက်ပါ စီးနင်းသူသည် သတ်မှတ်ထားသော စံချိန်စံညွှန်းနှင့် ကိုက်ညီသည့်အသက်အန္တရာယ်ကာကွယ်နိုင်စွမ်းမြင့်မားသော မော်တော်ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုး သေချာစွာ တပ်ဆင်၍ ဆောင်းထားရမည်။

(ဈ) မော်တော်ဆိုင်ကယ်မောင်းနှင်သူ၊ လိုက်ပါစီးနင်းသူ၏ အဝတ်အစားများသည် ပျံ့လွင့်နေခြင်း၊ အန္တရာယ်ဖြစ်စေနိုင်ခြင်း မရှိစေရ။

(ည) မော်တော်ဆိုင်ကယ်၏ စက်သံကို ဆူညံအောင် မြှင့်၍ မမောင်းရ။ အသံထိန်းကိရိယာ ဖြုတ်၍ မမောင်းရ။ ဆူညံသံ ဖြစ်ပေါ်စေသည့် ကိရိယာ မတပ်ဆင်ရ။

(ဋ) မော်တော်ဆိုင်ကယ်ကို အန္တရာယ်ဖြစ်စေလောက်အောင် အရှိန်ပြင်းစွာ မောင်းနှင်ခြင်းမပြုရ။

(ဌ) ရှေ့မှမော်တော်ယာဉ်နှင့် အန္တရာယ်ကင်းနိုင်သည့် အကွာအဝေးမှ မောင်းနှင်ရမည်။

(ဍ) မော်တော်ဆိုင်ကယ်မောင်းနှင်နေစဉ် လက်ကိုင်ဖုန်း အသုံးမပြုရ။ နားကြပ်(ear phone) အသုံးမပြုရ။

(ဎ) မော်တော်ဆိုင်ကယ်မောင်းနှင်နေစဉ် ထီးမဆောင်းရ။ အမိုးတပ်ဆင်ခြင်း မပြုရ။

(ဏ) မော်တော်ဆိုင်ကယ်ကို လမ်းလယ်မှ မမောင်းနှင်ရ။ လက်ယာဘက်ကပ်၍ မောင်းနှင်ရမည်။ သီးသန့်သတ်မှတ်ထားသော မော်တော်ဆိုင်ကယ် မောင်းနှင်ရန် လမ်းရှိပါက အဆိုပါလမ်းမှ မောင်းနှင်ရမည်။

(တ) ရှေ့မီးအနိမ့်ကို နေ့၊ ည အချိန်တိုင်းတွင်လည်းကောင်း၊ ရှေ့မီးကြီးကို ညအခါ၌လည်းကောင်း ဖွင့်၍ မောင်းနှင်ရမည်။ မော်တော်ဆိုင်ကယ် ရှေ့မီးများတွင် နည်းပညာအသုံးပြုထားမှုကြောင့် မီးပြင်းအားသည် အခြားမော်တော်ယာဉ်မောင်းနှင်သူ၏ မြင်ကွင်းကို အနှောင့်အယှက် မဖြစ်စေရ။

(ထ) မော်တော်ဆိုင်ကယ်ပေါ်တွင် တိရစ္ဆာန်တင်ဆောင်မောင်းနှင်ခြင်း မပြုရ။

(ဒ) သတ်မှတ်ထားသည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို လိုက်နာရမည်။

(ဓ) မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကို ပြောင်းလဲစေတတ်သော ဆေးဝါးများ သုံးစွဲ၍သော်လည်းကောင်း၊ အရက်သေစာ သောက်စားမူးယစ်၍သော်လည်းကောင်း မော်တော်ဆိုင်ကယ်ကို မောင်းနှင်ခြင်း မပြုရ။

**ဆိုင်ကယ်စီးဦးထုပ် အရေးပါပုံ**

ဆိုင်ကယ်မတော်တဆဖြစ်စဉ်ကြောင့် သေဆုံးရမှုအရေအတွက်ကို လျှော့ချရာတွင် အရည်အသွေး ပြည့်ဝသည့် ဆိုင်ကယ်စီး ဦးထုပ်ကို အသုံးပြုခြင်းသည် အရေးပါသည့် အချက်ဖြစ်သည်။ စီးနင်းနေစဉ် ဆိုင်ကယ်ဦးထုပ် တပ်ဆင်ထားခြင်းသည် မတော်တဆမှုကြောင့် အသက်ဆုံးရှုံးနေမှုကို သိသာထင်ရှားစွာ လျော့ကျလာစေမည် ဖြစ်သည်။

နိုင်ငံတကာ သုတေသီများ၏ သုတေသနရလဒ်များအရ -

* မော်တော်ဆိုင်ကယ်စီး ဦးထုပ် မဆောင်းခြင်းသည် ဦးထုပ်ဆောင်းသူများထက် ဒဏ်ရာရမှု ၂ ဒသမ ၀၄၄ ဆနှင့် သေဆုံးမှု ၃ ဒသမ ၆၅၃ ဆ ပိုမိုနေကြောင်း၊

* ဆိုင်ကယ်စီးဦးထုပ် မဆောင်းခြင်းသည် မေးသိုင်းကြိုးတပ်ပြီး ဦးထုပ်ဆောင်းခြင်းထက် ဒဏ်ရာရမှု ၆ ဆ၊ သေဆုံးမှု ၅ ဆ ပိုမိုဖြစ်စေနိုင်ကြောင်း၊

* ဆိုင်ကယ်စီးဦးထုပ် မဆောင်းဘဲ ယာဉ်မတော်တဆမှုဖြစ်လျှင် ဦးခေါင်း ထိခိုက်ဒဏ်ရာကြောင့် သေဆုံးနိုင်ခြေ လေးဆ ပိုများကြောင်း၊

* ဆိုင်ကယ်စီးဦးထုပ် ဆောင်းခြင်းသည် ဆိုင်ကယ်မတော်တဆမှုကြောင့် ဦးခေါင်းထိခိုက် ဒဏ်ရာရမှုကို ၇၀ ရာခိုင်နှုန်းခန့် လျှော့ချပေးနိုင်ကြောင်း၊

* ထို့ပြင် ဆိုင်ကယ်စီးနင်းစဉ် အရက်သောက်ထားခြင်း၊ လက်ကိုင်ဖုန်း သုံးစွဲခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို အပြည့်အဝလိုက်နာမှု မရှိခြင်းတို့သည်လည်း ဆိုင်ကယ်မတော်တဆဖြစ်မှုကို ပိုမို မြင့်တက်စေကြောင်း သိရပါသည်။

အချုပ်ဆိုရလျှင် ယာဉ်စီးရေ တိုးပွားလာမှုနှင့် ယာဉ်မတော်တဆမှုသည် တိုက်ရိုက်အချိုးကျသည့် သဘောသဘာဝရှိသည်။ ယာဉ်တိုက်မှု အားလုံးနီးပါး၏ အကြောင်းရင်းများတွင် လူကြောင့် ဖြစ်ရသည့် ယာဉ်တိုက်မှုက အများဆုံးဖြစ်သည်။ ထို့ကြောင့် မော်တော်ဆိုင်ကယ်စီးနင်းသူများအနေဖြင့် မောင်းသူနှင့် စီးနင်းသူအားလုံး ဆိုင်ကယ်စီးဦးထုပ်များကို မေးသိုင်းကြိုးမြဲမြံစွာ တပ်ဆင်၊ ဝတ်ဆင်ပြီးမှ စီးနင်းကြရန်၊ ဦးထုပ်ကိုလည်း အသက်အန္တရာယ်ကို အမှန်တကယ် ကာကွယ်ပေးနိုင်သည့် အရည်အသွေးမီ ဆိုင်ကယ်စီးဦးထုပ်များကိုသာ ရွေးချယ်အသုံးပြုကြရန်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို အပြည့်အဝ လေးစားလိုက်နာကြရန် တိုက်တွန်းလိုက်ရပါသည်။

**စေတနာများစွာ**

တင်ထက်ထက်ဇော်




## 2024 French Open တင်းနစ်ပြိုင်ပွဲ တတိယအဆင့်သို့ Ana Bogdan တက်ရောက်

**ပဲရစ် မေ ၃၁**

ပြင်သစ်နိုင်ငံ၊ ပဲရစ်မြို့တွင် ကျင်းပလျက်ရှိသော နှာမည်ကျော် အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2024 French Open တင်းနစ်ပြိုင်ပွဲ တတိယအဆင့်သို့ ရိုမေးနီးယားတင်းနစ်မယ် Ana Bogdan တက်ရောက်ခဲ့သည်။

အဆိုပါ ရိုမေးနီးယားတင်းနစ်မယ် Ana Bogdan သည် 2024 French Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်တွင် ရုရှားတင်းနစ်မယ် Anastasia Pavlyuchenkova အား ၆-၄၊ ၆-၄ ဖြင့် အနိုင်ရရှိကာ တတိယအဆင့်သို့ တက်ရောက်ခဲ့ခြင်း ဖြစ်သည်။

2024 French Open တင်းနစ်ပြိုင်ပွဲ တတိယအဆင့်တွင် ရိုမေးနီးယားတင်းနစ်မယ် Ana Bogdan နှင့် ယူကရိန်းတင်းနစ်မယ် Elina Svitolina တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

**(အပေါ်ယာပုံ)**

(NGB)



## ရစ်ချာလီဆန် စပါးအသင်းတွင် ဆက်ရှိသွားမည်

**လန်ဒန် မေ ၃၁**

စပါးအသင်း တိုက်စစ်မှူး ရစ်ချာလီဆန်က မိမိအနေဖြင့် အသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ကြောင်း၊ အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

အဆိုပါ တိုက်စစ်မှူးကို လက်ရှိအချိန်တွင် ဆော်ဒီကလပ်အသင်းများစွာက ခေါ်ယူရန်စိတ်ဝင်စားနေသော်လည်း ၎င်းက အသင်းတွင် ဆက်ရှိသွားမည်ဖြစ်သည်။



တိုက်စစ်မှူး ရစ်ချာလီဆန်သည် စပါးအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၆၆ ပွဲ ကစားပြီး ၁၅ ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

အသက်(၂၇)နှစ်အရွယ်ရှိ ရစ်ချာလီဆန်က ကျွန်တော်အသင်းမှာ ဆက်ရှိသွားမှာပါ။ အခုအချိန်မှာလည်း လာမည့်ဘောလုံးရာသီအတွက် လေ့ကျင့်ပြင်ဆင်မှုတွေ ပြုလုပ်နေပါပြီ။ စပါးအသင်းနှင့်အတူ အောင်မြင်မှုတွေလည်း ရယူသိမ်းပိုက်သွားဦးမှာပါ ဟု ပြောသည်။

**(ဝဲပုံ)** (NGB)

## ကာဗာနီ ဥရုဂွေးလက်ရွေးစင် ကစားသမားဘဝမှ အနားယူ

**လန်ဒန် မေ ၃၁**

ဥရုဂွေးလက်ရွေးစင်အသင်း ဝါရင့်တိုက်စစ်မှူး ကာဗာနီ အသင်း လက်ရွေးစင်ကစားသမားဘဝမှ အနားယူခဲ့ပြီဖြစ်ကြောင်း အတည်ပြု ကြေညာခဲ့သည်။

အဆိုပါ ဝါရင့်တိုက်စစ်မှူး



သည် ဥရုဂွေးလက်ရွေးစင်အသင်းနှင့်အတူ ၂၀၀၈ မှ ၂၀၂၂ အထိ ပြိုင်ပွဲ ၁၃၆ ပွဲ ကစားကာ ၅၈ ဂိုးထိ သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့သည်။

အသက်(၃၇)နှစ်အရွယ်ရှိ ကာဗာနီက ကျွန်တော် ဥရုဂွေးလက်ရွေးအသင်း ကစားသမားဘဝမှ အနားယူပါပြီ။ ကျွန်တော် လက်ရွေးစင်အသင်းမှာ ကစားခဲ့တဲ့ အချိန်တွေကိုလည်း အမြဲအမှတ်ရနေမှာပါ။ ကျွန်တော့်ကို အားပေးတဲ့ ပရိသတ်တစ်ဦးချင်းဆီတိုင်းကိုလည်း အထူးကျေးဇူးတင်ပါတယ် ဟု ပြောသည်။

**(ဝဲပုံ)** (NGB)

## ဥရောပ ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ(ဗိုလ်လုပွဲ) နိုင်ကမ္ဘာ

**ဒေါ့မွန် - ရီးရဲလ်မက်ဒရစ်**
**(ဂျာမနီ-၅) (စပိန်-၁)**

ဇွန် ၂ ရက်(တနင်္ဂနွေနေ့)နံနက် ၀၁း၃၀နာရီ
(ဝင်ဘလေကွင်း၊ အင်္ဂလန်နိုင်ငံ)

**နှစ်သင်းထိပ်တိုက်တွေ့ဆုံမှု**

| | | | | | |
|---|---|---|---|---|---|
| ၂၀၀၂-၀၃ | ဒေါ့မွန် | ၁-၁ | ရီးရဲလ်မက်ဒရစ် | ၂-၁ | ဒေါ့မွန်(ချန်ပီယံလိဂ်-အုပ်စု) |
| ၂၀၁၂-၁၃ | ။ | ၂-၂ | ။ | ၂-၁ | ။ (။) |
| ၂၀၁၂-၁၃ | ။ | ၄-၁ | ။ | ၂-၀ | ။ (ချန်ပီယံလိဂ်-ဆီမီး) |
| ၂၀၁၃-၁၄ | ။ | ၂-၀ | ။ | ၃-၀ | ။ (ချန်ပီယံလိဂ်-ကွာတား) |
| ၂၀၁၆-၁၇ | ။ | ၂-၂ | ။ | ၂-၂ | ။ (ချန်ပီယံလိဂ်-အုပ်စု) |
| ၂၀၁၇-၁၈ | ။ | ၁-၃ | ။ | ၃-၂ | ။ (။) |

**နှစ်သင်း၏ ဗိုလ်လုပွဲအထိ ဖြတ်ကျော်မှု**

| | | | | | | |
|---|---|---|---|---|---|---|
| PSV | ၁-၁ | ဒေါ့မွန် | (၁၆-သင်းအဆင့်) | လိုက်ပဇစ် | ၀-၁ | ရီးရဲလ်မက်ဒရစ် |
| ဒေါ့မွန် | ၂-၀ | PSV | ( ။ ) | ရီးရဲလ်မက်ဒရစ် | ၁-၁ | လိုက်ပဇစ် |
| အက်သလက်တီကို | ၂-၁ | ဒေါ့မွန် | (ကွာတားဖိုင်နယ်) | ရီးရဲလ်မက်ဒရစ် | ၃-၃ | မန်စီးတီး |
| ဒေါ့မွန် | ၄-၂ | အက်သလက်တီကို | ( ။ ) | မန်စီးတီး | ၁-၁ | ရီးရဲလ်မက်ဒရစ် |
| | | | | (ပင်နယ်တီ | ၃-၄ | ဖြင့် ရီးရဲလ်နိုင်) |
| ဒေါ့မွန် | ၁-၀ | PSG | (ဆီမီး) | ဘိုင်ယန်မြူးနစ် | ၂-၂ | ရီးရဲလ်မက်ဒရစ် |
| PSG | ၀-၁ | ဒေါ့မွန် | ( ။ ) | ရီးရဲလ်မက်ဒရစ် | ၂-၁ | ဘိုင်ယန်မြူးနစ် |

ဒေါ့မွန်နှင့် ရီးရဲလ်တို့ ပြိုင်ပွဲစုံ(၁၃)ကြိမ် ဆုံတွေ့ခဲ့ရာ ဒေါ့မွန်က (၃)ကြိမ်နိုင်ပြီး (၄)ကြိမ် သရေကျကာ (၆)ကြိမ် ရှုံးနိမ့်ထားသဖြင့် အစဉ်အလာအရ ရီးရဲလ်က အသာရနေသည်။ သို့သော် ဗိုလ်လုပွဲသို့ ရောက်ရှိလာသော အသင်းများဖြစ်၍ အကြိတ်အနယ်ရှိမည့် ပွဲကြီးပွဲကောင်းတစ်ပွဲဖြစ်ပြီး သရေကျသွားနိုင်ကာ အချိန်ပို ပင်နယ်တီအထိ ကြည့်ရနိုင်ဖွယ်ရှိသော်လည်း ပွဲချိန်အတွင်း အနိုင်ဆိုပါက ချန်ပီယံလိဂ်တွင် (၁၄)ကြိမ် ဗိုလ်စွဲထား၍ အစဉ်အလာကြီးမားသော ရီးရဲလ်တို့ အနိုင်သေချာသည့်ပွဲဖြစ်သည်။

**နှစ်သင်း၏ နောက်ဆုံး ၅ ပွဲ ရလဒ်**

ဒေါ့မွန်-သရေ၊ရှုံး၊နိုင်၊ရှုံး၊နိုင်

ရီးရဲလ်မက်ဒရစ်-နိုင်၊ နိုင်၊ နိုင်၊သရေ၊ သရေ



## နယ်သာလန်လက်ရွေးစင်အသင်း ယူရို ၂၀၂၄ ပြိုင်ပွဲအတွက် ကစားသမားစာရင်း ထုတ်ပြန်

**လန်ဒန် မေ ၃၁**

နယ်သာလန်လက်ရွေးစင်အသင်းသည် ယူရို ၂၀၂၄ ပြိုင်ပွဲအတွက် ကစားသမားစာရင်းအား ထုတ်ပြန်ကြေညာလိုက်ပြီ ဖြစ်သည်။

နယ်သာလန်လက်ရွေးစင်အသင်း ကစားသမားစာရင်းတွင်

ဂိုး-ဗာဘရူဂန်၊ ဖလီကန်

နောက်တန်း - ဘလိုင်း၊ ဗန်ဒိုက်၊ အကီ၊ ဒမ်ဖရိုင်း၊ ဖရင်းပေါင်၊ ဂါထရီဒါ၊ ဒီလစ်ဂျ်၊ ဗန်ဒီဗန်၊ ဒီမာဂျေ

ကွင်းလယ် - ဂရာဗန်ဘာ့ဂ်၊ ကော့ပ်မီနာ၊ ဒီဂျောင်၊ ရိုင်ဂျန်ဒါ၊ ဒီရွန်၊ ရှိုတန်၊ ဆိုင်မွန်၊ တင်းဘား၊ ဗာမန်း၊ ဝုစ်ချ်နယ်ဒန်

တိုက်စစ် - ဘာ့ဂျ်ဗင်း၊ ဒီပေး၊ ဂတ်ပို၊ ဘရော့ဘား၊ မယ်လန်၊ ဝီဟော့စ်တို့ ပါဝင်လာခဲ့သည်။

နယ်သာလန်လက်ရွေးစင်အသင်းသည် ယူရို ၂၀၂၄ အုပ်စု အဖွင့်ပွဲစဉ်အဖြစ် လာမည့် ဇွန် ၁၆ ရက်တွင် ပိုလန်အသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။

**(အပေါ်ပုံ)**

(NGB)

## နည်းပြ ကီရန်မက်ကန်နာ အစ်ဝှစ်ချ်အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**လန်ဒန် မေ ၃၁**

ပရီးမီးယားလိဂ်တန်းတက်ကလပ် အစ်ဝှစ်ချ်အသင်းသည် အသင်းနည်းပြ ကီရန်မက်ကန်နာအား ၄ နှစ် သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နည်းပြသည် အစ်ဝှစ်ချ်အသင်းအား ပရီးမီးယားလိဂ်သို့ တန်းတက်နိုင်အောင် ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်း ဖြစ်သည်။

နည်းပြ ကီရန်မက်ကန်နာသည် အစ်ဝှစ်ချ်အသင်းအား ၂၀၂၁ ခုနှစ် ဒီဇင်ဘာလက စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ၁၃၁ ပွဲတွင် ၇၅ ပွဲနိုင်၊ ၃၆ ပွဲသရေ၊ ပွဲ ၂၀ ရှုံးရလဒ် ပိုင်ဆိုင်ထားသည်။

အသက်(၃၈)နှစ်အရွယ်ရှိ နည်းပြ ကီရန်မက်ကန်နာက ကျွန်တော်အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်ခဲ့ပါပြီ။ ဒီအသင်းနဲ့အတူ လာမည့် ဘောလုံးရာသီမှာလည်း အောင်မြင်မှုတွေ ရယူသွားမှာပါဟု ပြောသည်။

**(အောက်ပုံ)** (NGB)



## ဆာဂျီရောဘတ်တိုအား စာချုပ်သက်တမ်းတိုးရန် ဘာစီလိုနာအသင်း စီစဉ်

**ဘာစီလိုနာ မေ ၃၁**

ဘာစီလိုနာအသင်းသည် အသင်းဝါရင့် ကွင်းလယ်ကစားသမား ဆာဂျီရောဘတ်တိုအား စာချုပ်သက်တမ်းတိုးရန် စီစဉ်လျက်ရှိသည်။

အသက်(၃၂)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေခြင်းကြောင့် အသင်းက စာချုပ်သက်တမ်းတိုးရန် စီစဉ်လာခြင်း ဖြစ်သည်။



ကွင်းလယ်ကစားသမား ဆာဂျီရောဘတ်တိုသည် ဘာစီလိုနာအသင်းနှင့်အတူ ၂၀၁၀-၂၀၁၁ မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၇၃ ပွဲ ကစားပြီး ၁၉ ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

ဘာစီလိုနာအသင်း ထုတ်ပြန်ချက်တွင် ဆာဂျီရောဘတ်တိုအား စာချုပ်သက်တမ်းတိုးရန် စီစဉ်နေပါပြီ။ သူဟာ အသင်းအတွက် ကစားသမားကောင်း တစ်ယောက်ပါ။ သူကိုယ်တိုင်ကလည်းအသင်းမှာ ပျော်ရွှင်နေပါတယ်ဟု ထုတ်ပြန်သည်။

**(ဝဲပုံ)**(NGB)

### ဘောလုံးသတင်းအတိုအထွာများ

ရီးရဲလ်မက်ဒရစ် အသင်းနည်းပြ အန်ဆယ်လော့တီက မိမိတို့အသင်းအနေဖြင့် ဒေါ့မွန်အသင်းနှင့် ချန်ပီယံလိဂ် ဗိုလ်လုပွဲစဉ်အတွက် အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ဆော်ဒီကလပ်အသင်းများသည် လာမည့်နွေရာသီဈေးကွက်အတွင်းတွင် ဥရောပကလပ်အသင်းများမှ ကစားသမားများစွာကို ခေါ်ယူသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

မန်ချက်စတာစီးတီးအသင်းနည်းပြ ဂွါဒီယိုလာက မိမိအနေဖြင့် ၂၀၂၅ခုနှစ် နောက်ပိုင်းမှသာ အသင်းမှ ထွက်ခွာသွားမည်ဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့သည်။

(NGB)

## ပုသိမ်ကြီးမြို့နယ်တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ချေးငွေများပေးအပ်

**ပုသိမ်ကြီး မေ ၃၁**

အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်းများနှင့်ဆက်စပ်သည့် ထုတ်လုပ်မှု၊ ဝန်ဆောင်မှု၊ ကုန်သွယ်မှု လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာပြီး ဒေသတွင်း စားရေရိက္ခာ ဖူလုံလာစေရန်၊ သွင်းကုန်အစားထိုးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်နှင့် ပို့ကုန်လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လာနိုင်စေရန် ရည်ရွယ်၍ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေချေးငွေကျပ်သန်း ၁၀၀ ပေးအပ်ပွဲကို မေ ၂၉ ရက် မွန်းလွဲ ၁ နာရီက မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီးအသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး၊ပုသိမ်ကြီးမြို့နယ် နိုင်ငံ့စီးပွားမြှင့်တင်ရေးစီမံကိန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌတို့က နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ချေးငွေများ ထုတ်ချေးခြင်းဆိုင်ရာများ ပြောကြားသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးကချေးငွေလက်ခံမည့်တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတွင် လုပ်ငန်းမှတ်ပုံတင်ထားသော ကြယ်ငါးပွင့်ငံပြာရည်လုပ်ငန်းရှင်ဦးညီညီအား ချေးငွေလွှဲပြောင်းပေးအပ်ခဲ့သည်။



(ဝဲပုံ)

(ဝ၄၅)



## ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ ဧရာဝတီမြစ်ရေမြင့်တက်မှုအား အရေးပေါ်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်နိုင်ရန် ကွင်းဆင်းစစ်ဆေး

**မြစ်ကြီးနား မေ ၃၁**

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့တွင် မေ ၂၉ရက် ညပိုင်းမှစတင်၍ ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် မြစ်ကြီးနားမြို့ပေါ်ရှိ ရပ်ကွက်အချို့တွင် ရေဝင်ရေနစ်မြုပ်မှုများ ဖြစ်ပေါ်နေခြင်းအား မေ ၃၀ ရက် နံနက်ပိုင်းက ကချင်ပြည်နယ် အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးခက်ထိန်နန် ဦးဆောင်ကာ တာဝန်ရှိသူများက အရေးပေါ် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းဆောင်ရွက်နိုင်ရန် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ မေ ၃၀ ရက် နံနက် ၈နာရီက ကချင်ပြည်နယ် အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဦးဆောင်သည့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ကချင်ပြည်နယ် မီးသတ်ဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးသန်းဇော်ဦး ဦးဆောင်သည့် တာဝန်ရှိသူများနှင့်အတူ မြစ်ကြီးနားမြို့ ကြက်ပေါင်ခြံရပ်ကွက်အတွင်း ဧရာဝတီမြစ်ရေ မြင့်တက်လာမှုကြောင့် နေအိမ်များအတွင်း ရေဝင်ရောက်ရှိမှု အခြေအနေများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးကာ ဧရာဝတီမြစ်ရေ ထပ်မံမြင့်တက်လာပါက အရေးပေါ်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်၊ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန်တို့ကို တာဝန်ရှိသူများအား မှာကြားခဲ့ကာ မီးသတ်တပ်ဖွဲ့ဝင်များ၏ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအား ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

(၄၄၄)

## စဉ့်ကူးမြို့နယ်၌ ၂၀၂၄ -၂၀၂၅ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့အခမ်းအနား ကျင်းပ

**စဉ့်ကူး မေ ၃၁**

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းခရိုင်၊ စဉ့်ကူးမြို့နယ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန စဉ့်ကူးမြို့နယ်၏ ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို စဉ့်ကူး(အ·ထ·က) ရွှေရတုခန်းမ၌ မေ၃၀ ရက် နံနက် ၉ နာရီတွင် ကျင်းပခဲ့ရာ အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းအကျိုးတော် ဆောင်အဖွဲ့များ၊ ကျောင်းသားမိဘများနှင့် ကျောင်းသားသူများ တက်ရောက်ခဲ့သည်။

အဆိုပါ အခမ်းအနားတွင် စဉ့်ကူး အ·ထ·က ကျောင်းသား၊ ကျောင်းသူများက 'တို့ကျောင်းတော်' သီချင်းဖြင့် သီဆိုဖျော်ဖြေဖွင့်လှစ်ပေးခဲ့ပြီးနောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းကျော်နိုင်က ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံနိုင်ရေးအတွက် 'ကျောင်းနေအရွယ် ကလေးအားလုံး အခြေခံပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့' ဆောင်ပုဒ်နှင့်အညီ ကျောင်းနေအရွယ်ကလေးတိုင်း ပညာသင်ယူနိုင်ဖို့ မိဘပြည်သူများက ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း အမှာစကားပြောကြားခဲ့ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဗိုလ်မှူးအောင်ကျော်ဇင်က အမှာစကားပြောကြားကာ မြို့နယ်ပညာရေးမှူး တာဝန်ခံ ဒေါ်စုစုမွန်က ကျောင်းအပ်နှံရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်ပြီး တာဝန်ရှိသူများမှ နိုင်ငံတော်မှ အခမဲ့ပေးအပ်သော ကျောင်းဝတ်စုံနှင့် ကျောင်းသုံးစာအုပ်များကို ကျောင်းသား၊ ကျောင်းသူများထံသို့ပေးအပ်ပြီး လက်ပန်လှ အ·ထ·က ကျောင်းသား၊ ကျောင်းသူများက 'ကျောင်းသွားကြမယ်' သီချင်းဖြင့် သီဆိုဖျော်ဖြေခဲ့ကြသည်။

စဉ့်ကူးမြို့နယ်အတွင်း အခြေခံပညာကျောင်းပေါင်း ၁၂၁ ကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ၁၉ ကျောင်းတို့အား



၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် မတ် ၂၃ ရက်မှ စတင်ကျောင်းအပ်နှံ ဆောင်ရွက်ခဲ့ရာ ကျောင်းအပ်နှံသည့် ကျောင်းသား၊ ကျောင်းသူများအားလုံးကို မည်သည့်အခကြေးငွေမှ ကောက်ခံခြင်းမရှိဘဲ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ၊ စာရေးကိရိယာများ၊ ဗလာစာအုပ်နှင့် မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူများကို ကျောင်းဝတ်စုံတစ်စုံစီ အခမဲ့ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(အောက်ပုံ)မြို့နယ်(ပြန်/ဆက်)**

**သန့်ရှင်းသာယာ မန္တလာ**
**ပိုင်းဝန်းထိန်းသိမ်းပါ။**

## အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ပြည်သူများထံသို့ တိုက်ရိုက်ရောင်းချပေးလျက်ရှိ

**မန္တလေး မေ ၃၁**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့်ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ကုန်ဈေးနှုန်းတည်ငြိမ်ရေးအတွက် ပြည်သူများထံသို့ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် တိုက်ရိုက်ရောင်းချမှု အစီအစဉ်ကို ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီရုံးကြီး၊ ၂၆ လမ်းနှင့် ၂၇လမ်းကြား၊ ၇၁လမ်းနှင့် ၇၂လမ်းကြားတွင် မွန်းလွဲ ၂ နာရီမှ စတင်ကာ ရောင်းချပေးခဲ့သည်။

ပြည်သူများထံသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌွေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ပြီး အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးဆောင်ရွက်ပေးလျက်ရှိသည်။

အခြေခံစားသောက်ကုန်သက်သာအရောင်းဆိုင် ဖွင့်လှစ်ရောင်းချပေးမည့် အစီအစဉ်များကို စနေ၊ တနင်္ဂနွေရုံးပိတ်ရက်များတွင် ရပ်နားထားပြီး ရုံးဖွင့်ရက်များတွင် ပုံမှန်ပြန်လည်ရောင်းချပေးသွားမည်ဖြစ်သည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင်ဈေးများနှင့် စားအုန်းဆီအသင်းမှ ဖြန့်ဖြူးရောင်းချပေးသော အဆိုပြုဆိုင်များတွင် စားအုန်းဆီများကို နံနက် ၈ နာရီမှစတင်ကာ နေ့စဉ်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။




(ဝဲပုံ)

**(မန္တလေးနေ့စဉ်-၆)**



## မန္တလေးတိုင်းဒေသကြီး မြန်မာ့သိုင်းဆပ်ကော်မတီ တွေ့ဆုံဆွေးနွေး

**မန္တလေး မေ ၃၁**

မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် တိုင်းဒေသကြီး မြန်မာ့သိုင်း ဆပ်ကော်မတီဝင်များ တွေ့ဆုံပွဲကို မေ ၂၉ ရက် နံနက် ၁၀ နာရီက ချမ်းအေးသာစံမြို့နယ်၊ လမ်း ၃၀ရှိ မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနိုင်လင်းအောင်က အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီး မြန်မာ့သိုင်းဆပ်ကော်မတီ ဥက္ကဋ္ဌ ဦးခင်မောင်ဆွေက မြို့နယ်များမှ တက်ရောက်လာသောကော်မတီဝင် မြန်မာ့သိုင်းဆရာကြီးများနှင့် မိတ်ဆက်ပေးသည်။ ထို့နောက် မန္တလေးတိုင်းမြန်မာ့သိုင်းဆပ်ကော်မတီနာယက ဦးနေဝင်း၊ မန္တလေး တက္ကသိုလ် မြန်မာစာဌာန ပါမောက္ခ(ငြိမ်း) ဒေါက်တာ မောင်မောင်လေးတို့က မြန်မာ့သိုင်းဖွံ့ဖြိုးရေးအတွက် အကြံပြုဆွေးနွေးသည်။

ဆက်လက်၍ တက်ရောက်လာသော မြန်မာ့သိုင်းဆရာကြီးများက အမျိုးသားအားကစားပြိုင်ပွဲများတွင် သုံးနှစ်ဆက်တိုက် တံခွန်စိုက်ဆုရရှိခဲ့သော မန္တလေးတိုင်းဒေသကြီး မြန်မာ့သိုင်းအဖွဲ့သည် ဒီဇင်ဘာလတွင် ကျင်းပမည့် ပဥ္စမအကြိမ် အမျိုးသားအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရေး အကြံပြုဆွေးနွေးခဲ့ကြသည်။ ထို့နောက် တက်ရောက်လာသော မြန်မာ့သိုင်းဆရာကြီးများသည် ဗထူးအားကစားကွင်း အသင်းရုံးရှေ့တွင် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးခဲ့ကြသည်။ **(အပေါ်ပုံ)**

(ဝ၄၅)

## ငွေးပင်စံပြကျေးရွာသို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန(ရုံးချုပ်)မှ သင်တန်းသား၊ သင်တန်းသူများ လာရောက်လေ့လာ

**တပ်ကုန်း မေ ၃၁**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်တပ်ကုန်းမြို့နယ် ရှားတောကျေးရွာအုပ်စု၊ ငွေးပင်ကျေးရွာ ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်း (Smart Village)လုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်နေမှုအား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်) ခေတ်မီစံပြကျေးရွာ ထူထောင်ရေးစီမံကိန်းနှင့် ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း အကောင်အထည်ဖော်ရေး သင်တန်းမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအွမ်တန်ဟုမ်းနှင့် သင်တန်းသား၊ သင်တန်းသူများက မေ ၂၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာသို့ လာရောက်လေ့လာခဲ့သည်။ **(အောက်ပုံ)**

ဦးစွာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မင်းထွန်းက ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်း (Smart Village)လုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများအား ရှင်းလင်းတင်ပြခဲ့ပြီးနောက် သင်တန်းသား၊ သင်တန်းသူများက သိရှိလိုသည်များကို မေးမြန်းခဲ့ရာ လက်ထောက် ညွှန်ကြားရေးမှူးနှင့်တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးခဲ့ပြီးနောက် လေ့လာရေးအဖွဲ့က ကျေးရွာတွင်း ဆောက်လုပ်ပြီးစီးသည့် အုတ်စီရေမြောင်းနှင့် ကွန်ကရစ်လမ်းအား ကြည့်ရှုခြင်း၊ မန်ကျည်းနှင့် ဆီးဖျော်ရည်လုပ်ငန်းလုပ်ကိုင်နေမှုအခြေအနေများနှင့် စနစ်တကျလယ်ယာမြေဖော်ထုတ်ဆောင်ရွက်ထားသည့် စံပြလယ်ယာများအတွင်း စိုက်ပျိုးထားရှိမှု အခြေအနေများအား လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**





## စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မိတ္ထီလာ မေ ၃၁**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်တွင် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပနိုင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၃၀ ရက် နံနက်ပိုင်းက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်အောင်လေးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းဇော်က မိတ္ထီလာခရိုင်တွင် ကျင်းပပြုလုပ်မည့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပရခြင်း ရည်ရွယ်ချက်နှင့် လုပ်ငန်းစီမံချက်များကို ရှင်းလင်းပြောကြားခဲ့သည်။ ၎င်းနောက် ခရိုင်ပညာရေးမှူး ဦးအောင်ဇော်ထွန်းနှင့် မြို့နယ်ပညာရေးမှူးရုံးမှ ဒေါ်ဝေဝေတင်တို့က စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်တွင် ပညာရေးဌာနမှ ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာသူများက အသီးသီးဖြည့်စွက်ဆွေးနွေးခဲ့ကြသည်။

နိုင်ငံ့တာဝန်များကို ပခုံးပြောင်းတာဝန်ထမ်းဆောင်ကြမည့် ပညာတတ်လူငယ်မောင်မယ်များနှင့် လူ့စွမ်းအားအရင်းအမြစ်များ လိုအပ်သည်နှင့်အညီ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျောင်းသားလူငယ်များအား စာဖတ်သည့်အလေ့အထတွင် ပျော်မွေ့လာစေရန်အတွက် မိတ္ထီလာမြို့နယ်အတွင်းရှိ အခြေခံပညာ ကျောင်းများတွင် စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ဩဂုတ်လ နောက်ဆုံးအပတ်တွင် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။ အဆိုပါပွဲတော်တွင် စာပေဟောပြောပွဲ၊ ပြိုင်ပွဲများ၊ စာအုပ်စာစောင်ပြပွဲများ၊ ပြခန်းများ၊ ဖျော်ဖြေရေးများနှင့်အတူ စာအုပ်ဈေးရောင်းပွဲတော်ကို ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

(၄၆၉)

## ပုံမှန်ကာကွယ်ဆေးထိုး ဆေးတိုက်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိ

**မန္တလေး မေ ၃၁**

မန္တလေး၊ မဟာအောင်မြေမြို့နယ်အတွင်းရှိ မွေးကင်းစမှ အသက်(၁)နှစ်ခွဲအောက် ကလေးများနှင့်ကိုယ်ဝန်ဆောင် မိခင်များအား ပုံမှန်ကာကွယ်ဆေးဆေးထိုး၊ ဆေးတိုက်ခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် ဦးနှောက်တီဘီရောဂါကာကွယ်ဆေး၊ ငါးမျိုးစပ်ကာကွယ်ဆေး၊ ပြင်းထန်အဆုတ်ရောင် ရောဂါကာကွယ်ဆေး၊ ပြင်းထန်ဝမ်းလျှောဝမ်းပျက် ရောဂါကာကွယ်ဆေး၊ ဝက်သက်ဂျိုက်သိုးရောဂါကာကွယ်ဆေး၊ ဂျပန်ဦးနှောက်ရောင်ရောဂါများ ထိုးနှံပေးခြင်းနှင့် ပိုလီယိုရောဂါ ကာကွယ်ဆေးတိုက်ကျွေးခြင်းများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား မေးခိုင်ကာကွယ်ဆေးထိုးနှံပေးခြင်းများကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနရှိ ဝန်ထမ်းများက အပတ်စဉ်ကြာသပတေးနေ့တိုင်း (၁)နှစ်ခွဲအောက် ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ကာကွယ်ဆေးများ ထိုးနှံပေးပြီး လတစ်လရဲ့ ပထမပတ်များတွင်လည်း ရက်ကွက်များသို့ ကွင်းဆင်း၍ ကာကွယ်ဆေးများကို စနစ်တကျ မှတ်တမ်းရေးသွင်း၍ ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။ (ဝ၅၆)

## သင်္ဘောချောင်း၊ ကန်တော်ကြီးနှင့် တောင်သမန်ကန် သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်

**မန္တလေး မေ ၃၁**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသည် သင်္ဘောချောင်း၊ ကန်တော်ကြီးနှင့် တောင်သမန်ကန် ရေအရည်အသွေးကောင်းမွန်ရေး၊ ရေစီးရေလာကောင်းမွန်ရေးနှင့် သန့်ရှင်းသာယာလှပရေးအတွက် လုပ်ငန်းကော်မတီဖွဲ့စည်း၍ လုပ်ငန်းများကို စီမံချက်ချမှတ်ပြီး လုပ်ငန်းကဏ္ဍအသီးသီးအလိုက် နေ့စဉ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့လုပ်ငန်းများ ဆောင်ရွက်ရာတွင် ယမန်နေ့က သင်္ဘောချောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် အောင်မြေသာစံမြို့နယ်သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများသည် သင်္ဘောချောင်း အလယ်ပေါင် တံတားအနောက်ဘက်ချောင်းအတွင်းမှ ဗေဒါနှင့်ဒိုက်များကို လုပ်သားများက ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။

ချမ်းအေးသာစံမြို့နယ် သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများသည် သင်္ဘောချောင်းရေစီးရေလာကောင်းမွန်ရေးအတွက် သင်္ဘောချောင်း အနောက်ဘက်ပတ်လမ်း ချမ်းသာရတံတားတောင်ဘက်ချောင်းအတွင်းမှ ဗေဒါနှင့်ဒိုက်အမှိုက်များကို လုပ်သားများက သိမ်းဆည်းရှင်းလင်းခြင်းနှင့် ချောင်းအနောက်ဘက်ခြမ်း ၂၆ လမ်းနှင့်၂၇လမ်းကြား ချောင်းအတွင်းမှ အမှိုက်နှင့်ဒိုက်များကို လုပ်သားများက ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။

သင်္ဘောချောင်းသည် ကန်တော်ကြီးအတွင်း စီးဝင်သည့် ချောင်းတစ်ခုဖြစ်ပြီး အလားတူ ရွှေတချောင်းမြောင်း၊ တက်မြောချောင်း၊ ငွေတချောင်းမြောင်း၊ ရေကြည်မြောင်းများသည်လည်း စီးဝင်သဖြင့် ရေစီးရေလာကောင်းမွန်စေရေး ချောင်းကိုမြောင်းရေနှင့် ဆေးချသည့်နည်း အသုံးပြုဆောင်ရွက်ထားကြောင်း သိရသည်။



ကန်တော်ကြီး သာယာလှပရေးအတွက် ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာန တာဝန်ရှိသူများသည် ကန်တော်ကြီးတောင်ဘက်ကန်ရှိ ဗေဒါများကို လူအင်အား ၃၀ ဦးနှင့် ဘက်ဟိုးစက်တစ်စီး အသုံးပြု၍ ကမ်းကပ်ဆယ်ယူရှင်းလင်းဆောင်ရွက်ကြရာ တန် ၇၀ခန့် ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့ပြီး ဗေဒါဖြတ်စက်နှစ်စီးဖြင့် ဖြတ်တောက်ဆောင်ရွက်ရာတွင် နှစ်ဧကခွဲခန့် ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-၃)**

# အမရပူရမြို့မှ အထင်ကရ သမိုင်းမှတ်တိုင်များ

ခိုင်ဆက်ဝေ


အမရပူရရှေးဟောင်း နန်းမြို့တော်

အမရပူရသည် နှစ်ပေါင်း ၂၄၀ ကြာမြင့်ခဲ့ပြီဖြစ်သည့် ရှေးဟောင်းမြို့တော်ဖြစ်သည်။ ကုန်းဘောင်ခေတ်တွင် စည်ပင်ဝပြောခဲ့သည်။ ဘိုးတော်ဘုရား (ဗဒုံမင်း)က မြန်မာနှစ် ၁၁၄၄ ခုနှစ်တွင် တည်ထောင်ခဲ့သည်။ ဘိုးတော်ဘုရားသည် ကုန်းဘောင်မင်းဆက် ၁၁ ဆက်တွင် နန်းစံသက် အကြာမြင့်ဆုံးမင်း ဖြစ်သည်။

အမရပူရမြို့နယ်သည် မြောက်လတ္တီတွတ် ၂၁ ဒီဂရီ ၅၄ မိနစ်၊ အရှေ့လောင်ဂျီတွတ် ၉၆ ဒီဂရီ ၃ မိနစ်တွင် တည်ရှိပြီး မန္တလေးမြို့တောင်ဘက်၊ ဧရာဝတီမြစ်နှင့် မြစ်ငယ်မြစ်(ဒုဋ္ဌဝတီမြစ်) နှစ်သွယ်အကြားတွင်ရှိ၍ မြေနိမ့်ဒေသလွင်ပြင်ဖြစ်သည်။အကျယ်အဝန်းမှာ ဧရိယာ ၅၄၉၆၅ ဧက(၈၅ ဒသမ ၈၈၃ စတုရန်းမိုင်ရှိသည်ဟု ၁၉၈၂ ခုနှစ်၊ စက်တင်ဘာလတွင် ထုတ်ဝေသည့် အမရပူရမြို့နယ်မှတ်တမ်းတွင် ဖော်ပြထားသည်။

**သမိုင်းမတင်မီခေတ်**

အမရပူရတွင်ရှိသော တောင်သမန်အင်း အနောက်ဘက်ဝန်းကျင်၌ တောင်သမန်အင်း ရေကြီးချိန်တွင် လှိုင်းပုတ်ရိုက်ခတ်မှုများကြောင့် အင်းစောင်းနှင့် ကမ်းပါးများပြိုကျရာက ကျောက်ခေတ် အထောက်အထားများ တွေ့ရှိခဲ့သည်။ စတင်တွေ့ရှိသူမှာ တောင်လေးလုံးကျောင်းတိုက်မှ ဦးပညာဇောတ(ကိုပညာ-အမရပူရ)ဖြစ်ပြီး ဆရာတော်၏ သတင်းပေးမှုဖြင့် ရှေးဟောင်းသုတေသနဌာနက ၁၉၇၁ ခုနှစ်၊ဖေဖော်ဝါရီလတွင် စတင်တူးဖော်သုတေသနများ ပြုလုပ်ခဲ့ကြသည်။

တောင်သမန်ဒေသတွင် ကျောက်ဖြင့်ပြုလုပ်သော ပစ္စည်းများ၊အရိုးဖြင့် ပြုလုပ်သော ပစ္စည်းများ၊ မြေဖြင့် ပြုလုပ်သော ပစ္စည်းများ၊ သံထည်ပစ္စည်းများ စသည်ဖြင့် ရှေးလူတို့၏ အသုံးအဆောင်ပစ္စည်းများကို တွေ့ရှိခဲ့သည့်အပြင် မီးသွေးမီးဖို ရာများ၊ မီးသွေးနှင့် ပြာများ၊နေအိမ်ဆောက်လုပ်သည့် အိမ်တိုင်ရာများ၊ ပုတီးစေ့အသုံးအဆောင်များလည်း တွေ့ရှိခဲ့သည်ဟု ဆိုသည်။

တောင်သမန်ကျောက်ခေတ်သစ်ဒေသမှာ အရှေ့ဘက်တွင် ဦးပိန်တံတား၊ အနောက်ဘက်တွင် လင်းဇင်းကုန်း၊ တောင်ဘက်တွင် မယ်ဇယ် (မည်စည်)ပင်တန်း၊မြောက်ဘက်တွင် မဟာဂန္ဓာရုံကျောင်းတိုက်အထိ ကျယ်ပြန့်စွာ ရှိခဲ့သည်။ထိုဒေသမှတွေ့ရှိသော အိုးခြမ်းပဲ့များကို ဓာတ်ခွဲစစ်ဆေးခဲ့ရာ ဘီစီ-၃၅၉ ခုနှစ်တွင် ထွန်းကားခဲ့သည့် သမိုင်းမတင်မီခေတ် လူသားများ စုဝေးနေထိုင်ခဲ့သည်ဟု ဆိုသည်။

**အမရပူမြို့တည်**

ဗဒုံမင်းသည် အမရပူရမြို့နန်းတည်ရန် စေလွှတ်ရှာဖွေခဲ့ရာ ထီးပေါင်းကား အရပ်ဟု ဆိုသော တောင်သမန်အင်း၊ မြောက်ဘက်ပိုင်းတွင် ရွေးချယ်ခဲ့သည်။ သမိုင်းမှတ်တမ်းများအရ ဗဒုံမင်းသည် ခရစ်နှစ် ၁၇၈၂ ခုနှစ်၊ အောက်တိုဘာ ၂၁ ရက်၊ မြန်မာနှစ် ၁၁၄၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်တွင် နန်းတည်ရန် သစ်ပင်၊ ချုံနွယ်များ စတင်ရှင်းလင်းသည်။

ထိုစဉ်က မြို့တော်၏ လက်ျာဘက်တွင် တောင်သမန်အင်း၊ဒုဋ္ဌဝတီမြစ်၊ လက်ဝဲဘက်တွင် ရွှေတချောင်းနှင့် တက်သေးအင်း ၊အရှေ့ဘက်တွင် အောင်ပင်လယ်ကန်၊ ကျဝန်းဆည်၊ ဇောင်းကလောကန်၊ အနောက်ဘက်တွင် ဧရာဝတီမြစ်တို့ ဝိုင်းရံလျက်ရှိသောကြောင့် "အင်း အိုင် ဝိုက် လည်၊ အမရတည်" ဟူ၍ အမရပူရမြို့တည်နှစ်အဖြစ် အမှတ်သညာပြုခဲ့သည်ဟုဆိုရမည်။ ၇ လကျော်ဖြင့် မြို့နန်းတည်ဆောက်ခဲ့သည်။ ခရစ်နှစ် ၁၇၈၃ ခုနှစ်၊မေ ၁၂ ရက်တွင် အင်းဝမှ အမရပူရသို့ ပြောင်းရွှေ့ကာ ဓာတ်နန်းတွင် စံတော်မူပြီး မေ ၁၇ ရက်တွင် ရွှေနန်းတော်ကို လက်ျာရစ်လှည့်၍ နန်းတက်သည်။ နန်းမြို့ကို "မြနန်းဘုံစံ"၊ ရွှေနန်းတော်ကို "အောင်နန်း စံရာ" ဟူ၍ လည်းကောင်း၊ မြို့တော်အမည်ကို အမရပူရ(သေခြင်းကင်းရာမြို့) ဟူ၍ လည်းကောင်း သမုတ်ခဲ့သည်။

မြို့တော်ပြင်ပ လေပြင်းလေရပ်၌ မြန်မာနှစ် ၁၁၄၅ ခုနှစ်အတွင်း ကျောင်းတိုက်ပေါင်း ၄၉ တိုက်၊ ဇရပ်အဆောင်ပေါင်း ၉၉ ဆောင်၊ ဘုရားစေတီပေါင်း ၄၉ ဆူ၊ ရပ်ကွက်ပေါင်း ၂၂၉ ခု၊ရေတွင်းပေါင်း ၄၅၀ ရှိသည်ဟု အမရပူရမြို့၊ ကျော်အောင်စံထားကျောင်းတိုက်၊ဆဋ္ဌမမြောက်ဆရာတော်အရှင်အဂ္ဂဝံသ၏ မှတ်တမ်းတွင် ပါရှိသည်ဟု သိရသည်။

**စီမံအုပ်ချုပ်ရေး**

ဗဒုံမင်းလက်ထက်တွင် အမရပူရမြို့၌ အင်္ဂလန်မှ ဆက်သသော ဒင်္ဂါးစက်ဖြင့် ငွေဒင်္ဂါး၊ ကြေးဒင်္ဂါးများ စတင်သွန်းလုပ်ခြင်း၊ လူနေအိမ်ခြေ၊ ကုန်ထုတ်လုပ်မှု၊အရောင်းအဝယ်နှင့် အခွန်အကောက်နှုန်းများ စစ်တမ်းကောက်ယူခြင်းကို ၁၇၈၃ ခုနှစ်နှင့် ၁၈၀၃ ခုနှစ်တွင် စုစုပေါင်း နှစ်ကြိမ်ပြုလုပ်ခဲ့သည်။ မြန်မာဘုရင်၏ ဩဇာသက်ရောက်မှုမှာ မြန်မာနိုင်ငံအောက်ဘက် တနင်္သာရီထိ၊ အထက်ဘက်တွင် ရခိုင်နှင့် အာသံပြည်နယ်အထိ ရှိခဲ့သည်။

ဗဒုံမင်းလက်ထက်တွင် နိုင်ငံရပ်ခြားသံတမန်များ ဝင်ထွက်နေပြီဖြစ်ပြီး သံတဲအဆောက်အအုံရှိခဲ့သည်။ နိုင်ငံခြားသားများကိုလည်း နေထိုင်ခွင့်ပြုထားသဖြင့် လူမျိုးစုအလိုက် ရပ်ကွက်များရှိခဲ့သည်။ လွတ်လပ်စွာ ကူးသန်းရောင်းဝယ်ခွင့်၊ အမှုထမ်းခွင့်နှင့် ကိုးကွယ်ခွင့်ပေးခဲ့သည်။ ယနေ့တိုင် ထိုရပ်ကွက်များကျန်ရှိနေသေးသည်။ စီးပွားရေးမူဝါဒချမှတ်၍ ပြည်တွင်းထွက်ရွှေ၊ ငွေများကို ပြည်ပသို့ သယ်ဆောင်ခြင်းမပြုရန် တားမြစ်သည်။ ပြည်ပသို့ ဆန်စပါးရောင်းချခွင့်ရှိမှသာ ရောင်းချနိုင်သည့် မူဝါဒသတ်မှတ်ထားသည်။ မြန်မာ့ရိုးရာဓလေ့များနှင့် ဆယ့်နှစ်လရာသီပွဲတော်များကိုလည်း ရာသီအလိုက် ကျင်းပကြောင်း သိရသည်။

အမရပူရမြို့တည်ပြီးနောက် မြန်မာနှစ် ၁၁၇၁ ခုနှစ်၊ တန်ခူးလဆန်း ၉ ရက်တွင် နန်းမြို့တော်၏ အနောက်တောင်ဘက်(တရုတ်တန်းရပ်)နေအိမ်တစ်ခုမှ စတင်မီးလောင်မှုဖြစ်ပွားခဲ့ရာ လူနေရပ်ကွက်များသာမက နန်းမြို့အတွင်းထိ မီးဘေးသင့်ခဲ့သည်။ ဗဒုံမင်းကိုယ်တိုင် မီးဘေးသင့်သူဖြစ်ခဲ့သော်လည်း မီးဘေးသင့်သူများအား ကယ်ဆယ်ထောက်ပံ့ရေးတွင် ဦးဆောင်ပြုလုပ်ခဲ့သည်။



**ပိဋကတိုက်**

အမရပူရမြို့တည်စဉ်က နန်းမြို့အနောက်မြောက်ထောင့်၊ ဆင်ကြို ရွှေကူဘုရားအနီးတွင် အုတ်တိုက်အဆောက်အအုံဖြင့် ပိဋကတိုက် တည်ခဲ့သည်။ ဗဒုံမင်း၏ စာကြည့်တိုက်ဖြစ်ပြီး ရတနာပုံပိဋကတိုက်ဟု အမည်ပြုထားကြောင်း ကျောက်စာအရသိရသည်။ ထိုစာကြည့်တိုက်တွင် စာပေကျမ်းစာများကို အခန်းနံပါတ်၊အတွဲနံပါတ်များဖြင့် စနစ်တကျထားရှိခြင်းကြောင့် ထိုခေတ်ကတည်းက စာကြည့်တိုက်ပညာကို မြန်မာတို့ တတ်မြောက်ထားပြီဟု ဆိုရမည်။ ထိုအချိန်က အနောက်နိုင်ငံများရှိ စာကြည့်တိုက်များထက်ပင် စာပေများ စုံလင်ကြောင်း မိုက်ကယ်ဆိုင်းရေးသားသည့် (The Kingdoms of AVA)တွင် ဖော်ပြထားသည်ဟု ဆိုသည်။ ထိုပိဋကတိုက်မှ ကျမ်းစာများကို မင်းတုန်းမင်းက မန္တလေး(ရတနာပုံ)မြို့တော်သို့ ဆောင်ယူခဲ့ကြောင်း သိရသည်။

**မဲနယ် စက်ရုံ**

မြန်မာနိုင်ငံတွင် ပထမဆုံးသော မဲနယ်စက်ရုံကို အမရပူရတွင်ရှိသည်။ စတုရန်းပေ ၂၀ ရှိသော အုတ်ကန် ၆ ကန်ပါသည်။အိန္ဒိယတွင် မဲနယ်လုပ်ငန်းလုပ်ကိုင်ခဲ့ဖူးသူ အမေရိကန်လူမျိုးတို့က ကြီးကြပ်ဆောက်လုပ်ခဲ့သည်။ ကာလကတ္တားမှ အလုပ်သမားများကို ခေါ်ယူအမှုထမ်းစေခဲ့ပြီး မဲနယ်ထုတ်လုပ်သည့် လုပ်ငန်းကို ဆောင်ရွက်ခဲ့သည်။ နောက်ပိုင်းတွင် မြန်မာပညာတော်သင်များ ပြည်ပသို့ စေလွှတ်သင်ယူစေပြီး မြန်မာတို့ ဦးစီးလုပ်ကိုင်သည်။ တစ်နှစ်လျှင် မဲနယ်ပိဿာပေါင်း ၈၀၀၀ ခန့်ထုတ်လုပ်ခဲ့ပြီး တစ်ပိဿာလျှင် ငွေကျပ် ၄၀၀ ရရှိကြောင်း မှတ်တမ်းများအရ သိရသည်။

**နန်းမြင့်မျှော်စင်နှင့် ရွှေတိုက်**

နန်းမြင့်မျှော်စင်မှာ နန်းမြို့တည်စဉ်ကတည်းက ရှိခဲ့သည်။ အလျားပေ ၆၀ ခန့်၊ အနံပေ ၄၀ ကျော်ခန့်၊ အမြင့်ပေ ၄၅ ပေခန့်ရှိသည်။ ရွှေတိုက်မှာ နန်းမြင့်မျှော်စင်၏ တောင်ဘက်အနီးတွင်ရှိပြီး အလျား ပေ ၅၀ ခန့်၊ အနံ ပေ ၄၀ ခန့်၊ အမြင့် ၃၅ ပေခန့်ရှိသည်။ ဗဒုံမင်းသည် အမရပူရမြို့နန်းတည်စဉ်ကတည်းက ပါဝင်ခဲ့သည့် အဆောက်အအုံများမှာ ခုနစ်ခုရှိပြီး မြို့တောင့်စေတီဘုရားများလည်း တည်ထားခဲ့သည်။

ယနေ့မြင်တွေ့နေရသည့် တောင်သမန်အင်းနှင့် ဦးပိန်တံတားကိုသာ လူသိများသော်လည်း စိတ်ဝင်စားဖွယ်ရာ ရှေးဟောင်းအဆောက်အအုံများ ရှိနေပါသည်။ယနေ့ထိ ပိဋကတိုက်တော်၊ ရွှေတိုက် စသည်တို့နှင့် ကြီးလေးကြီးဘုရား၊ ရှေးဟောင်းဘုန်းတော်ကြီးကျောင်းစသည်အားဖြင့် အထင်ကရ သမိုင်းမှတ်တိုင်များစွာ လေ့လာနိုင်ကြောင်း သတင်းကောင်းပါး လိုက်ရပေသည်။



## အခြေခံစာတတ်မြောက်ရေး စာသင်ဝိုင်းများ သင်တန်းဆင်းပွဲကျင်းပ

**တံတားဦး မေ ၃၁**

တံတားဦးခရိုင် တံတားဦးမြို့နယ်တွင် အခြေခံစာတတ်မြောက်ရေးစာသင်ဝိုင်းများ သင်တန်းဆင်းပွဲကို မေ ၃၀ ရက် နံနက် ၁၀နာရီက တံတားဦးမြို့ အမှတ်(၁)ရပ်ကွက်၊ ကွက်သစ်ရပ်ရှိ တောကျောင်းအနောက်တိုက် ဘုန်းတော်ကြီးကျောင်းတိုက်တွင် ကျင်းပသည်။

အဆိုပါ အခြေခံစာတတ်မြောက်ရေးစာသင်ဝိုင်းများ သင်တန်းဆင်းပွဲနှင့် ပတ်သက်ပြီး တံတားဦးမြို့နယ်အတွင်းရှိ စာသင်ဝိုင်းများမှ သင်ကြားပေးသော သင်ခန်းစာများကို အမြဲမပျက် လေ့လာသင်ယူပေးသည့်အတွက် ဝမ်းသာမိပါကြောင်း၊ 'ပညာလိုအိုသည်မရှိ' ဆိုသည့်အတိုင်း ပညာသင်ကြားရာတွင် အရှက်အကြောက်မရှိသင်ကြားနိုင်ကြောင်း ကျေးလက်နေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ စာတတ်မြောက်ရေးအတွက် အခြေခံစာတတ်မြောက်ရေး စာသင်ဝိုင်းများကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးဇော်ကိုကိုနှင့် တာဝန်ရှိသူများက သင်တန်းသား၊ သင်တန်းသူများကို သင်တန်းဆင်းလက်မှတ် ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ (၄၀၉)

## မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ သိန်း ၃၀၀ဖြင့် ကျေးရွာ ငါးရွာကို ထုတ်ချေးပေးသွားမည်

**မိတ္ထီလာ မေ ၃၁**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်အတွင်းရှိ ကျေးရွာများတွင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ တစ်ပိုင်တစ်နိုင်မှ စီးပွားဖြစ်လုပ်ကိုင်နိုင်စေရန် ကျေးရွာတစ်ရွာလျှင် မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ သိန်း ၃၀၀ ဖြင့် ကျေးရွာ ငါးရွာကို ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ကြီးကြပ်မှုအောက်ရှိ မိတ္ထီလာ၊ မလှိုင်၊ သာစည်၊ ဝမ်းတွင်းမြို့နယ်များ မြစိမ်းရောင်ကျေးရွာစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည်။ ယင်းသို့ ဆောင်ရွက်ရာတွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၌ ကျေးရွာတစ်ရွာလျှင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ သိန်း ၃၀၀ ဖြင့် မိတ္ထီလာမြို့နယ် ဆပ်ပြာကျင်းကျေးရွာအုပ်စု၊ ကန်ကြီးကုန်းကျေးရွာ၊ ညောင်မြင့်ကျေးရွာအုပ်စု၊ ပျော်ကုန်းကျေးရွာနှင့် မလှိုင်မြို့နယ် ရေထွက်ကျေးရွာအုပ်စု ထန်းတောကျေးရွာတို့ကို ထုတ်ချေးပေးသွားမည်ဖြစ်သည်။ ၎င်းအပြင် သာစည်မြို့နယ် ရွာပုလဲကျေးရွာအုပ်စု၊ ကျီတိုင်ကုန်း(တ)ကျေးရွာနှင့် ဝမ်းတွင်းမြို့နယ်၊ ရွှေတောင်ကျေးရွာအုပ်စု ငွေဘုံသာကျေးရွာတို့တွင် ထုတ်ချေးသွားမည်ဖြစ်သည်။

အဆိုပါ ကျေးရွာ ငါးရွာရှိ ကျေးရွာသူ၊ ကျေးရွာသားများမှ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကို ချေးငွေရယူပြီး ကျေးရွာမှ တစ်ပိုင်တစ်နိုင် မွေးမြူရေး၊ စိုက်ပျိုးရေး၊ အရောင်းအဝယ်၊ ကုန်ထုတ်လုပ်ငန်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် နိုင်ငံတော်မှ ချမှတ်ထားသည့် ကျေးလက်ဒေသဆင်းရဲမှုလျှော့ချရေးနှင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများဆောင်ရွက်လာနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ခံစားရရှိမှာဖြစ်ကြောင်း ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြင့်ဝင်းထံက သိရသည်။ (အောက်ပုံ) (၄၆၉)



## ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အကြို အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေ

**မန္တလေး မေ ၃၁**

၂၀၂၄ ခုနှစ် ဇွန် ၅ရက်တွင် ကျရောက်သော ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အကြို လှုပ်ရှားမှုအနေဖြင့် မေ ၂၉ရက် နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးဦးဆောင်၍ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာန၊ နန်းတော်ရှေ့ဈေး တာဝန်ခံနှင့်ဝန်ထမ်းများသည် နန်းတော်ရှေ့ဈေးအတွင်းနှင့် အပြင်တွင် ဈေးရောင်းသူများနှင့်ဈေးဝယ်လာသူများအား 'သဲကန္တာရတိုက်ဖျက်ရေးနှင့် မိုးခေါင်ရေရှားမှုဒဏ်ခံနိုင်ရေး၊ မြေယာပြန်လည်ပြုပြင်ပေး' ခေါင်းစဉ်ဖြင့် အသိပညာပေးလက်ကမ်းစာစောင် ၃၀၀ အားဖြန့်ဝေဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(ယာပုံ)

(၀၄၅)

ပတ်စရာ၊ မှတ်စရာ
စုံလင်
ယနေ့မန္တလေး

## ကျောင်းအပ်ကြမယ်

— — — — — — — —

* လူငယ်တွေ ပန်းတိုင်သို့
လှမ်းနိုင်ဖို့ ရှေ့သို့ချီ
ကလေးငယ်လက်ကိုဆွဲလို့
တွဲလက်ညီညီ။

* ကျောင်းနေရွယ် ကလေးများ
အလေးထားစောင့်ရှောက်ခါ
အနာဂတ်မှာ ကောင်းမြတ်ဖို့
ကျောင်းအပ်ကြပါ။

* ကျောင်းအပ်နှံရေး သီတင်းပတ်ဆီ
ကျောင်းအပ်ကြမည်
ပန်းပမာ ပွင့်လန်းဖို့
ထွေးပွေ့ကြစို့။

* ကျောင်းတော်က ဆီးကြိုမှာ
ခေါင်းလောင်းသံနားဝင်အေး
စည်းကမ်းရှိစွာ တိုးတက်ဖို့
ကျောင်းအပ်စို့လေး။ ။

**မောင်မောင်လင်းထွဋ်(နန်းတော်ရှေ့)**



## ရုပ်ရှင်ကဏ္ဍ ရွှက်နှဝေ

'လူကြီးလူကောင်းများ'

| | |
|---|---|
| သရုပ်ဆောင် | - လွင်မိုး၊ ခန့်စည်သူ၊ ပြေတီဦး၊ လူမင်း၊ စိုးမြတ်သူဇာ |
| နာမည်ကြီး မော်ဒယ်လ် | - ထက်ထက်ထွန်း၊ အိမ့်စည်၊ ယွန်းဝင့်လွှာအောင်၊ စစ်ယွန်းဝတီဦး |
| ဟာသသရုပ်ဆောင် | - ကျော်ထူး၊ ငှက်ပျောကြော်၊ အရိုင်း |
| ဒါရိုက်တာ | - ပြည်ဟိန်းသီဟ |
| လူကြီးလူကောင်း | - ရုပ်ရှင်ဇာတ်လမ်းအကျဉ်း |




ဒီတစ်ပတ်မှာတော့ ရုပ်ရှင်ချစ်ပရိတ်သတ်တွေအတွက် ပေါ့ပေါ့ပါးပါးနဲ့ရယ်မောဖွယ်ကောင်းတဲ့ အချစ်ဟာသဇာတ်မြူးကားဖြစ်တဲ့ 'လူကြီးလူကောင်းများ' ရုပ်ရှင်ဇာတ်ကားပြသနေပါတယ်။ ဇာတ်ကားထဲမှာ နာမည်ကြီးမင်းသားကြီးတွေဖြစ်တဲ့ လွင်မိုး၊ ခန့်စည်သူ၊ ပြေတီဦးနဲ့ လူမင်း၊ မင်းသမီးကြီးဖြစ်တဲ့ စိုးမြတ်သူဇာတို့က ဦးဆောင်ပါဝင်ထားပြီးတော့ နာမည်ကြီးမော်ဒယ်လ်၊ Miss တွေဖြစ်ကျတဲ့ ထက်ထက်ထွန်း၊ အိမ့်စည်၊ ယွန်းဝင့်လွှာအောင်၊ စစ်ယွန်းဝတီဦး၊ နာမည်ကျော်ဟာသ သရုပ်ဆောင်တွေဖြစ်ကြတဲ့ ကျော်ထူး၊ ငှက်ပျောကြော်၊ အရိုင်းနဲ့ သရုပ်ဆောင်များစွာ ပါဝင်ထားပါတယ်။

ဇာတ်ညွှန်း နေစိုးသော်ဖြစ်ပြီး ဒါရိုက်တာပြည်ဟိန်းသီဟက ငွေဆောင်၊ ဘားအံနဲ့ ပြင်ဦးလွင်တို့မှာ နာမည်ကြီးမင်းသားတွေနဲ့မင်းသမီးတွေ တွဲဖက်ညီစွာ ပျော်ပျော်မြူးမြူး ရိုက်ကူးပုံဖော်ထားပါတယ်။ ရုပ်ရှင်ဇာတ်ကားကရလာတဲ့ဝင်ငွေတွေကို လိုအပ်နေတဲ့ရုပ်ရှင်လောကသားတွေကို ပြန်လည်ကူညီသွားမယ်လို့သိရပါတယ်။ အချစ်ဟာသ ဇာတ်မြူးလေးဖြစ်တာကြောင့် ဟာသဇာတ်ကားတွေ နှစ်သက်သူတွေအတွက် ပေါ့ပေါ့ပါးပါးကြည့်လို့ကောင်းတဲ့ ဇာတ်ကားတစ်ကားဖြစ်ပါတယ်။

'လူကြီးလူကောင်းများ' ဇာတ်ကားကို မန္တလေးမြို့မှာဆိုရင်တော့ Mingalar Cinema Central Point, Mingalar Masoeyin Complex ရုပ်ရှင်ရုံတွေမှာ သွားရောက်ကြည့်ရှုနိုင်ပြီဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါတယ်။



## သတင်းပဒေသာ

### ကျောင်းအပ်နှံရေးနေ့အခမ်းအနား ကျင်းပ

ရှမ်းပြည်နယ်(တောင်းပိုင်း)၊ မိုးနဲမြို့နယ်၊ ကျိုင်းတောင်းမြို့ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းနေအရွယ်ကလေးတိုင်း ပညာသင်ကြားနိုင်ရေး ကျောင်းအပ်နှံရေးအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက အခြေခံပညာအထက်တန်းကျောင်း အ·ထ·က (တုန်ဟုန်း)ကျောင်း၌ ကျင်းပခဲ့ကြောင်းသိရသည်။

မြို့နယ်(ပြန်/ဆက်)

### အထက်တန်းအဆင့် စာစီစာကုံးပြိုင်

စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမြို့တွင် ၂၀၂၄ ခုနှစ်၊ ဇွန် ၅ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အနေဖြင့် အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ပညာရေးဌာနနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်း၍ မေ ၃၀ ရက် နံနက် ၁၀ နာရီက ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

### စားအုန်းဆီများ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချ

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ကုန်ဈေးနှုန်းတည်ငြိမ်ရေးလုပ်ငန်းအဖွဲ့၏ ကြီးကြပ်မှုဖြင့် ကသာမြို့တွင် ဒေသခံပြည်သူများအား စားအုန်းဆီကို ပြင်ပပေါက်ဈေးထက် ဈေးနှုန်းသက်သာစွာ ဝယ်ယူစားသုံးနိုင်ရန်အတွက် မေ ၃၀ ရက် နံနက် ၇နာရီက မြို့တော်ခန်းမ၌ ရောင်းချပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### ဖူဆယ်ဘောလုံးပြိုင်ပွဲ အောင်နိုင်ရေးအလံပေးအပ်

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့၌ ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဖလား အသက်(၂၅)နှစ်အောက် အမျိုးသား ဖူဆယ်ဘောလုံးပြိုင်ပွဲ အောင်နိုင်ရေးအလံပေးအပ်ပွဲအခမ်းအနားကို မေ ၃၀ရက် နံနက် ၁၁ နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### မြို့နယ်အဆင့်ကျောင်းအပ်နှံရေးနေ့အခမ်းအနား ကျင်းပ

ပြည်ထောင်စုနယ်မြေ၊ လယ်ဝေးမြို့နယ်၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မြို့နယ်အဆင့်ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၃၀ရက် နံနက်ပိုင်းက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ ရွှေရတုခန်းမတွင် ကျင်းပသည်။

လယ်ဝေးမြို့နယ်အတွင်း မေ ၂၃ ရက်မှစ၍ အခြေခံပညာကျောင်း ၂၆၄ ကျောင်းတွင် ကျောင်းအပ်လက်ခံခြင်းများ ဆောင်ရွက်လျက်ရှိပြီး ယနေ့အထိ ကျောင်းသား၊ ကျောင်းသူ ၄၃၂၁၅ ဦး အပ်နှံပြီးဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးထံမှ သိရသည်။

မြို့နယ်(ပြန်/ဆက်)

### ဒေသဖွံ့ဖြိုးရေးအတွက် လုပ်ငန်းညှိနှိုင်း

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်ခရိုင်၊ မိုးနဲမြို့နယ်၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးနှင့် စာရေးများတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို မေ ၃၀ရက် နံနက် ၁၀ နာရီက မြို့နယ်ကမ္ဘောဇခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

### မိုးသီးနှံစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေး

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ငဖဲမြို့နယ်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ၂၀၂၄ ခုနှစ် မိုးသီးနှံစိုက်ပျိုးစရိတ်ချေးငွေများကို ယနေ့နံနက်ပိုင်းက မင်းလှင်ကျေးရွာအုပ်စုမှ တောင်သူ ၆၂ ဦးကို ဆက်လက်ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## မန္တလေးကုန်စည်ဒိုင်နဝရတ်ရတုခန်းမတည်ဆောက်ရေး တက်ဟုန်းပြည်နယ်ခွဲကုန်သည်ကြီးများအသင်းမှ ငွေလှူဒါန်း

**မန္တလေး မေ ၃၁**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ၈၆ လမ်း၊ ၃၃လမ်းနှင့်၃၄ လမ်းကြားရှိ ပွဲစား၊ ကုန်သည်၊ စက်ပိုင်များ မဟာကထိန်တော် အသင်း(မန္တလေးကုန်စည်ဒိုင်)၏ အကြိမ်(၉၀)မြောက် နဝရတ်ရတုခန်းမကြီးတည်ဆောက်ရေးအလှူငွေ ပေးအပ်ပွဲကို မေ ၂၇ ရက် နံနက် ၁၀ နာရီက မဟာအောင်မြေမြို့နယ်၊ ၆၃လမ်းနှင့်၆၄လမ်းကြား၊ ၄၁လမ်း၊ မဟာမြိုင်(၁) ရပ်ကွက်ရှိ မန္တလေးမြို့ရှုံးစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တက်ဟုန်းပြည်နယ်ခွဲ၊ ကုန်သည်ကြီးများအသင်း ဧည့်ခန်းတွင် ကျင်းပသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် တက်ဟုန်းပြည်နယ်ခွဲကုန်သည်ကြီးများအသင်း တာဝန်ခံမစ္စတာလီချီကွေးက မန္တလေးကုန်စည်ဒိုင် နဝရတ်ရတုခန်းမကြီး တည်ဆောက်ရေးအတွက် အလှူငွေပေးအပ်ရခြင်းအကြောင်းရှင်းလင်းပြောကြားပြီး ငွေကျပ်သိန်း ၁၂၀ ကို လှူဒါန်းရာ မန္တလေး ပွဲစား၊ ကုန်သည်၊ စက်ပိုင်များ အသင်း(မန္တလေးကုန်စည်ဒိုင်) ဥက္ကဋ္ဌဦးသက်တင်၊ ဒုတိယဥက္ကဋ္ဌ ဦးညွန့်ဝေနှင့်အမှုဆောင်များက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။ **(ကဆ)**





## မန္တလေးတက္ကသိုလ်ကျန်းမာရေးစောင့်ရှောက်မှုကော်မတီသို့ ကျောင်းသား၊ ကျောင်းသူဟောင်းများမှ ငွေများလှူဒါန်း

**မန္တလေး မေ ၃၁**

မန္တလေးတက္ကသိုလ်ကျန်းမာရေး စောင့်ရှောက်မှုကော်မတီမှ ကန်တော့ခံဆရာ၊ ဆရာမကြီးများအား ကျန်းမာရေးနှင့်ပတ်သက်သည့် ကိစ္စရပ်များ စဉ်ဆက်မပြတ်ထောက်ပံ့လျက်ရှိရာ ကျောင်းသား၊ ကျောင်းသူဟောင်းများကလည်း ကျန်းမာရေးငွေပဒေသာပင်များ စိုက်ထူလှူဒါန်းလျက်ရှိသည်။

မန္တလေးတက္ကသိုလ် ကျန်းမာရေး စောင့်ရှောက်မှုကော်မတီသို့ ငွေပဒေသာပင်စိုက်ထူလှူဒါန်းပွဲကို မေ ၃၀ ရက် နံနက် ၁၀ နာရီက အောင်မြေသာစံမြို့နယ် လမ်း ၂၀နှင့်၆၄(A)လမ်းတွင် ကျင်းပရာ ဓာတုဗေဒဌာန၊ ကထိကဌာနမှူး (ငြိမ်း)ဆရာမကြီး ဒေါ်နီနီနှင့် မောင်နှမတစ်စုက ငွေပဒေသာပင် ငွေကျပ်သိန်း(၅၀)လှူဒါန်းရာ ကျန်းမာရေးစောင့်ရှောက်မှုကော်မတီနာယကဦးတင်မောင်၊ ဒုတိယဥက္ကဋ္ဌပါမောက္ခချုပ်(ငြိမ်း) ဦးပိုမြင့်၊ ဘဏ္ဍာရေးမှူး ဦးစိုးလွင်တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ခဲ့သည်။ အလားတူဆရာမကြီးဒေါ်နီနီနှင့် မောင်နှမတစ်စုသည် မန္တလေးတက္ကသိုလ်၊ဓာတုဗေဒဌာန၊ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့သို့ ငွေကျပ်သိန်း(၅၀)လှူဒါန်းခဲ့သည်။

မန္တလေးတက္ကသိုလ် ကျန်းမာရေးစောင့်ရှောက်မှုကော်မတီအနေဖြင့် အဖွဲ့တည်ထောင်သည့် ၂၀၂၃ ခုနှစ်မှစ၍ ၂၀၂၄ ခုနှစ် မေ ၃၀ ရက်အထိ ဆရာ၊ ဆရာမကြီး စုစုပေါင်း ၂၉၂ ဦးတို့အား ကျန်းမာရေးစောင့်ရှောက်မှု ဂါရဝပြုငွေကျပ် ၃၆၆ သိန်း ပေးအပ်နိုင်ခဲ့ပြီး ဘဏ်တွင် ငွေကျပ်သိန်း ၂၈၀၀ကျော် စုဆောင်းထားရှိကြောင်း သိရသည်။

(အပေါ်ပုံ)

(ကဆ)

## ပြဟ္မစိုရ်လူမှုကူညီရေးအသင်း(မန္တလေး)စေတနာဆေးခန်းသို့ ဆေးပဒေသာပင်နှင့် လူနာများအတွက် ငွေများလှူဒါန်း

**မန္တလေး မေ ၃၁**

ဆင်းရဲနွမ်းပါးဝေဒနာရှင်များအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးအတွက် ချမ်းအေးသာစံမြို့နယ် ၆၂ လမ်းရှိ ဗြဟ္မစိုရ်လူမှုကူညီရေးအသင်းဆေးခန်းတွင် အထူးကုဆရာဝန်များ၊ လက်ထောက်ဆရာဝန်များက ဆေးခန်းဖွင့်၍ ဗုဒ္ဓဟူး၊ စနေ၊ တနင်္ဂနွေနေ့များတွင် နံနက် ၈ နာရီမှ ၁၂ နာရီအတွင်း ဆေးကုသပေးလျက်ရှိသည်။ အလားတူ ဗြဟ္မစိုရ်လူမှုကူညီရေးအသင်း ကျောက်ကပ်တုသွေးသန့်စင်ခြင်းဌာနမှလည်း ကျောက်ကပ်ဝေဒနာရှင်များအား ကျောက်ကပ်သွေးသန့်စင်ဆေးကြောပေးခြင်း၊ မျက်စိတိမ်ခွဲစိတ်ကုသခြင်း၊ Bပိုး၊ Cပိုး ကုသမှုများနှင့်သွားရောဂါများ ကုသပေးလျက်ရှိသည်။



ဗြဟ္မစိုရ်လူမှုကူညီရေးအသင်း ကုသိုလ်ဖြစ်ဆေးခန်းသို့ စေတနာအလှူရှင်များက လှူဒါန်းလျက်ရှိရာ မေ ၂၈ ရက်က အမေရိကန်ပြည်ထောင်စုနေ Jake နိုင်တိုးမြင့်က ကျောက်ကပ်ဖောင်ဒေးရှင်းအတွက်ငွေကျပ်၁၀သိန်းကို လည်းကောင်း၊ မန္တလေးမြို့နေ ဒေါက်တာခင်ဌေးကြည်၏ (၇၂)နှစ်မြောက်မွေးနေ့အထိမ်းအမှတ်မျက်စိခွဲစိတ်လူနာ(၆)ဦးအတွက် ငွေကျပ် ၇၂၀၀၀၀ကိုလည်းကောင်း၊ မဖြူစင်ဝင်းအား ရည်စူး၍ ဦးလှသန်းဝင်းမိသားစုက ကျန်းမာရေးငွေပဒေသာပင် ငွေကျပ် ၅သိန်းတို့ကို လှူဒါန်းရာ အသင်းဥက္ကဋ္ဌ ဒေါက်တာငြိမ်းငြိမ်း၊ အတွင်းရေးမှူး ဦးမောင်မောင်တာနှင့်အမှုဆောင်များက လက်ခံရယူပြီး ဂုဏ်ပြုလွှာပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(ကဆ)



## ဆေးပဒေသာပင် လှူဒါန်း

**မန္တလေး မေ ၃၁**

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကရေဆရာတော်ကြီး တည်ထောင်ဖွင့်လှစ်တော်မူခဲ့သည့် မန္တလေး၊ ဇီဝိတဒါနသာသနာ့အထူးကုဆေးရုံကြီးသို့ အလှူရှင် ကွယ်လွန်သူကျေးဇူးရှင်မိခင်ကြီး ဒေါ်တင်တင်လှ(၄)နှစ်ပြည့်အား ရည်စူး၍ ကျန်ရစ်သူ သား၊ သမီး၊ မြေးတစ်စု(၂၉လမ်း၊ ၈၇လမ်း နှင့် ၈၈ လမ်းကြား၊ ဒေါင်းရိုးရပ်၊ မန္တလေးမြို့) က ဆေးပဒေသာပင် အလှူငွေကျပ် ၃ သိန်းကို ယမန်နေ့က ဆေးရုံအလှူခံဌာနတွင် လာရောက်လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ရုံး အဖွဲ့မှူးဦးစိုးမြင့်က လက်ခံရယူပြီး သာဓုအနုမောဒနာခေါ်ဆိုကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

ဇီဝိတဒါနသာသနာ့အထူးကုဆေးရုံကြီး(မန္တလေး)သို့ ဆေးပဒေသာပင်၊ ဆွမ်းပဒေသာပင်နှင့် အခြားဘက်စုံအလှူငွေများလှူဒါန်းလိုပါက ၆၂လမ်းနှင့်၁၅လမ်းထိပ်ရှိ ဆေးရုံအလှူခံဌာနတွင် လည်းကောင်း၊ ဖုန်း၀၉-၈၉၂၉၅၃၀၈၂ နှင့်ဆက်သွယ်၍လည်းကောင်း လှူဒါန်းနိုင်ကြောင်း သိရသည်။

(ဝဲပုံ)(ကဆ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။
(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။
(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။
(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ ပညာသည် ဖွံ့ဖြိုးတိုးတက်မှု၏ အရင်းခံဖြစ်သည့်အတွက် ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စစ်မှန်စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုတည်ဆောက်ရာတွင် အသိပညာ၊အတတ်ပညာ၊ပင်ကိုယ်အရည်အသွေး၊ စွမ်းရည်များနှင့် ပြည့်စုံသည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်သည့် ဘက်စုံပညာရေးကဏ္ဍကို မြှင့်တင်ကြိုးပမ်းဆောင်ရွက်ရေးသည် အရေးကြီး...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် ပြုလုပ်သော(၂၃) ကြိမ်မြောက် ဝိဇ္ဇာနှင့် သိပ္ပံသုတေသနညီလာခံဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရအား International Award for Promotion of Buddhism ဘွဲ့တံဆိပ် ဆက်ကပ်အပ်နှင်းသည့်အခမ်းအနား ကျင်းပ

ရန်ကုန် မေ ၃၁

နိုင်ငံတော် ဩဝါဒါစရိယ ရွှေကျင်နိကာယ သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု သီတဂူဆရာတော် ဒေါက်တာဘဒ္ဒန္တဉာဏိဿရအား အိန္ဒိယသမ္မတနိုင်ငံက ချီးမြှင့်သော International Award for Promotion of Buddhism ဘွဲ့တံဆိပ်ဆက်ကပ်အပ်နှင်းသည့်အခမ်းအနားကို ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်းရှိ အိန္ဒိယစင်တာ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ သီတဂူဆရာတော် ဒေါက်တာဘဒ္ဒန္တဉာဏိဿရ၊ စစ်ကိုင်းတိုင်းဒေသကြီး အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာပညာရေးစင်တာ ကျောင်းတိုက်ဆရာတော် ဦးသောဘိတ၊ ရခိုင်ပြည်နယ် အလိုတော်ပြည့်ဝိပဿနာ စင်တာနှင့် ကျောင်းတိုက်ဆရာတော် ဦးပညာဇောတနှင့် ဆရာတော်သံဃာတော်များ၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E.Mr.Abjay Thaku ၊ Indian Council for Cultural Relations(ICCR)မှ ညွှန်ကြားရေးမှူးချုပ် H.E.Mr.Kumar Tuhin၊ ဦးနု-ဒေါ်မြရီ ဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဒေါ်သန်းသန်းနု၊ မြန်မာနိုင်ငံတစ်ဝန်းရှိ တက္ကသိုလ်များမှ ICCR သင်တန်းသား သင်တန်းသူဟောင်းများ၊မြန်မာနိုင်ငံရှိအိန္ဒိယနွယ်ဖွား ဗုဒ္ဓဘာသာဝင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် Swami Vivekananda Cultural Center (SVCC) မှ ကျောင်းသား ကျောင်းသူလေးများက ရိုးရာယဉ်ကျေးမှုတေးဂီတဖြင့် သီဆိုကပြဖျော်ဖြေကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)မှ ကျောင်းသူလေးများက ဆိမ်းခွက်အကဖြင့် ကပြဖျော်ဖြေကြသည်။



ယင်းနောက် Indian Council for Cultural Relations(ICCR)မှ ညွှန်ကြားရေးမှူးချုပ် H.E.Mr. Kumar Tuhin က အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ဝမ်းမြောက်မုဒိတာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က ဝမ်းမြောက်မုဒိတာစကားပြောကြားသည်။

ယင်းနောက် သီတဂူဆရာတော် ဒေါက်တာဘဒ္ဒန္တဉာဏိဿရ၊ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဦးတင်ဦးလွင်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေး၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးနှင့် Indian Council for Cultural Relations (ICCR) မှ ညွှန်ကြားရေးမှူးချုပ်တို့က ဆီမီးထွန်းညှိပူဇော်ကြသည်။ (အပေါ်ပုံ)

ထို့နောက် သီတဂူဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တဉာဏိဿရနှင့် အခမ်းအနားသို့ ကြွရောက်တော်မူလာကြသောဆရာတော်သံဃာတော်များအား မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးက သင်္ကန်းများဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ သီတဂူဆရာတော်ကြီး အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရထံ Indian Council for Cultural Relations(ICCR)မှ ညွှန်ကြားရေးမှူးချုပ် H.E.Mr.Kumar Tuhin က Conferring International Award for Promotion of Buddhism ဘွဲ့တံဆိပ်တော်အား ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် သီတဂူဆရာတော်ကြီးက ဩဝါဒစကား မြွက်ကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အိန္ဒိယနိုင်ငံ ယဉ်ကျေးမှုဆက်ဆံရေးကောင်စီသည် ဗုဒ္ဓဘာသာထွန်းကားရေးအတွက် ဆောင်ရွက်ကြသော နိုင်ငံခြားတိုင်းပြည်များမှ ပညာရှင်များ၊ တစ်သီးပုဂ္ဂလပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများအား အသိအမှတ်ပြုဂုဏ်ပြုခြင်းနှင့် ဗုဒ္ဓဘာသာ ထွန်းကားပြန့်ပွားရေးအတွက် နိုင်ငံတကာဆုကို ၂၀၂၂ ခုနှစ်တွင် စတင်ချီးမြှင့်ခဲ့သည်။

ထိုဆုကို Otani University (Japan), Dr. Duong Thi Thanh Huong (Vietnam)နှင့် Mr. Choijamts Demberel (Mongolia)တို့အား ပေးအပ်ချီးမြှင့်ခဲ့သည်။

အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် နှစ်ပေါင်းများစွာ နက်နက်ရှိုင်းရှိုင်းအမြစ်တွယ်နေသော ဗုဒ္ဓဘာသာဆက်နွယ်မှုကို မျှဝေခဲ့ကြပြီး ယဉ်ကျေးမှုပြန့်ပွားရေးအတွက် ဆောင်ရွက်ခဲ့ကြသည်။ သီတဂူဆရာတော်ကြီး ဒေါက်တာ အရှင်ဉာဏိဿရ၏ ဘာသာ၊ သာသနာထွန်းကားပြန့်ပွားရန် ကြိုးပမ်းအားထုတ်မှုကို ပိုမိုအားကောင်းစေခဲ့ပြီး မတူကွဲပြားသောလူမှုအသိုက်အဝန်းများကြား သဟဇာတဖြစ်တည်မှုနှင့် နားလည်သဘောပေါက်မှုတို့ကို မြှင့်တင်ဆောင်ရွက်တော်မူနိုင်ခဲ့သည်။

သီတဂူဆရာတော်ကြီးအား ၂၀၂၃ ခုနှစ်တွင် "ဗုဒ္ဓဘာသာ ထွန်းကားပြန့်ပွားရေးဆောင်ရွက်မှုအတွက်" နိုင်ငံတကာဆုကို ဆက်ကပ်လှူဒါန်းခြင်းဖြစ်ရာ ထိုဆုကို ဆက်ကပ်လှူဒါန်းခြင်းသည် ဆရာတော်ကြီး၏ မြန်မာနိုင်ငံတစ်ဝန်းလုံးနှင့် ပြည်ပနိုင်ငံများအထိ ဗုဒ္ဓဘာသာနှင့် တရားဒေသနာတော်များ ပြန့်ပွားရေးအတွက် ကိုယ်ကျိုးမဖက်အလေးထားဆောင်ရွက်ခဲ့မှုကို အသိအမှတ်ပြုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီမှ အသိပေးကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊**
**ကုသရေးဗဟိုကော်မတီမှ အသိပေးကြေညာချက်**
**၁၃၈၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက်**
**(၂၀၂၄ ခုနှစ်၊ မေလ ၃၁ ရက်)**

ကိုဗစ်-၁၉ ရောဂါပိုးကူးစက်ပျံ့နှံ့မှုကို ဆက်လက်ထိန်းချုပ်ဆောင်ရွက်ရန် လိုအပ်ပါသဖြင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးအတွက် ၂၀၂၄ ခုနှစ်၊ မေလ ၃၁ ရက်နေ့အထိ ထုတ်ပြန်ထားသော ပြည်သူသို့ ပန်ကြားချက်၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များ(ဖြေလျှော့ပေးမည့်ကိစ္စရပ်များမပါ)အား ၂၀၂၄ ခုနှစ် ဇွန်လ ၃၀ ရက်နေ့အထိ ရက်တိုးမြှင့် သတ်မှတ်ဆောင်ရွက်ထားပါကြောင်း အသိပေးကြေညာအပ်ပါသည်။

## ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဂျူဒိုပြိုင်ပွဲ ကျင်းပပြုလုပ်မည်

**နေပြည်တော် မေ ၃၁**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် "၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဂျူဒိုပြိုင်ပွဲ" အား ၂၀၂၄ ခုနှစ် ဇွန် ၄ ရက်မှ ၇ ရက်အထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင် အမျိုးသားအသင်း ၁၅ သင်း၊ အမျိုးသမီးအသင်း ၁၅ အသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်၍ အားကစားကိုစိတ်ပါဝင်စားသည့် မိဘပြည်သူများအနေဖြင့် မည်သူမဆို(အခမဲ့) လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**